# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၆၈) ၊ ၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း ၈ ရက် ၊ ၅-၂-၂၀၂၅၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး တစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry အား ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ သံဃရာဇာဆရာတော်ကြီးနှင့် အဖွဲ့ဝင်များအား ဖူးမြော်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံသို့ ဘုရားဖူးခရီးစဉ် ရောက်ရှိပြီး နေပြည်တော်ရှိ KMA Hotel ၌ ခေတ္တသီတင်းသုံးတော်မူလျက်ရှိသည့် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး တစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry ဦးဆောင်သည့် ဆရာတော်၊ သံဃာတော်များအား ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ သို့

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီ ၅ ရက်၊ ဗုဒ္ဓဟူးနေ့။

## သတ်မှတ်ထားသည့် စည်းကမ်းတို့ကို လိုက်နာပါက အကျိုးကျေးဇူးများစွာရရှိမည်

စည်းကမ်းဟူသည် လူ့ဘောင်လောကတွင် သတ်မှတ်ထားသည့် သတ်မှတ်ချက်၊ အကန့်အသတ်များကို မကျူးလွန် မချိုးဖောက်မိစေရန် ချမှတ်ထားသော အချက်များပင်ဖြစ်သည်။ စည်းကမ်းနှင့်အညီ လေးစားစွာ လိုက်နာနေထိုင်ခြင်းသည် လူ့တန်ဖိုးကို ဖော်ညွှန်းရာလည်း ရောက်မည်ဖြစ်သည်။ လူတိုင်း မိမိဘဝကို မြင့်မားစွာ ဆောက်တည်နေထိုင်လိုကြသည်။ သို့သော် စိတ်ကသာ ဖြစ်ချင်ပါသော်လည်း လက်တွေ့နယ်ပယ်တွင် မဖြစ်နိုင်ကြပါ။ လူနည်းစုကသာ အောင်မြင်စွာဆောက်တည်နိုင်ကြသည်။ အကြောင်းကား လိုရာပန်းတိုင်သို့ ရောက်ရှိရန်အတွက် စိတ်ဓာတ်၊ စည်းကမ်း၊ ဇွဲနှင့် လုံ့လတို့ လိုအပ်သောကြောင့် ဖြစ်သည်။ ထိုအချက်တို့အနက် လူတိုင်း၏ ဘဝကိုမြင့်မားအောင် ဖန်တီးပေးနိုင်သည့် အချက်မှာ စည်းကမ်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် စည်းကမ်းသည် လူ့တန်ဖိုးဟု ဖော်ညွှန်းပြသနေသည်။ ထို့ကြောင့် စည်းကမ်းနှင့်အညီ နေထိုင်ရန်အတွက် လူ့တန်ဖိုးကို ပြသသင့်သည်။

စည်းကမ်းကို ငယ်စဉ်ကျောင်းသားလူငယ်အရွယ်ကပင် လေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်သည်။ အလေ့အကျင့်စွဲမြဲသွားလျှင် စည်းကမ်းလိုက်နာရသည်ကို ဝန်ထုပ်ဝန်ပိုးအဖြစ် မမြင်တော့ပါ။ သာမန်လုပ်ကိုင်ဆောင်ရွက်နေရသကဲ့သို့ ပေါ့ပါးသွက်လက်လာမည်ဖြစ်သည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသော ဆောင်ပုဒ်သည် ပထမအရွယ် ကျောင်းသားဘဝကပင် စည်းကမ်းလိုက်နာတတ်စေရန် လေ့ကျင့်ပျိုးထောင်သင့်ကြောင်းကို ညွှန်းဆိုနေခြင်းဖြစ်သည်။ ကျောင်းနေစဉ်အရွယ်၌ သတ်မှတ်ထားသော ကျောင်းဝတ်စုံဝတ်ဆင်ကြရသည်။ သတ်မှတ်ထားသော ကျောင်းချိန်အမီ အချိန်မှန်တက်ကြရမည်။ အချိန်မှန် ကျောင်းဆင်းကြရမည်။ ဤသည်တို့မှာ ကျောင်းသား၊ ကျောင်းသူတိုင်းလိုက်နာရမည့် အခြေခံစည်းကမ်းဖြစ်သည်။

ထို့ပြင် ဒုတိယအရွယ်တွင် ဥစ္စာရှာကြရမည်ဖြစ်သည်။ ထိုသို့ ဥစ္စာရှာဖွေရာတွင် အလုပ်ခွင်စည်းကမ်းများကို လိုက်နာကြရမည်ဖြစ်သည်။ တစ်ဖန် တတိယအရွယ်တွင် တရားဘာဝနာရှာဖွေကြရမည်ဖြစ်သည်။ တရားအားထုတ်ရန် တရားစခန်း၊ ရိပ်သာများကို သွားရောက်မည်ဆိုပါက သက်ဆိုင်ရာတရားစခန်း၏ စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်သည်။

စည်းကမ်းဟူသည် လူတိုင်း၏ ကိုယ်ကျင့်တရားနှင့် ဆက်နွှယ်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ စည်းကမ်းရှိသူသည် မိမိသာမက ပတ်ဝန်းကျင်ကိုပါ စည်းကမ်းတကျနေထိုင်တတ်စေရန် အားပေးတတ်ကြသည်။ ဘဝအောင်မြင်ရေး၊ ဘဝရပ်တည်နိုင်ရေး အစရှိသည့် ကိစ္စရပ်များတွင် စည်းကမ်းနှင့်အညီ ပြုမူဆောင်ရွက်ခြင်းကြောင့် အောင်မြင်မှုများနှင့် ကြုံရမည်ဖြစ်သည်။ ထိုသို့ နေရာတိုင်းတွင် ချမှတ်၊ သတ်မှတ်ထားသည့် စည်းကမ်းတို့ကို လိုက်နာဆောင်ရွက်ပါက အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားကိုယ်တိုင် ဟောကြားဆုံးမတော်မူခဲ့သော ၃၈ ဖြာ မင်္ဂလာတရားတော်တွင် စည်းကမ်းလိုက်နာခြင်းသည်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။ လူသားတိုင်းတွင် လူတို့လိုက်နာရန် စည်းကမ်းချက်များရှိသကဲ့သို့ ဝန်ထမ်းများတွင်လည်း သတ်မှတ်ထားသည့် ဝန်ထမ်းစည်းကမ်းတို့ကို လိုက်နာနေထိုင်ရမည်ဖြစ်သည်။ ရတောင့်ရခဲသော လူ့ဘဝတွင် စည်းကမ်းလိုက်နာခြင်းဖြင့် တန်ဖိုးရှိသောလူများဖြစ်လာစေရန် ကြိုးစားနေထိုင်သင့်ကြောင်း ရေးသားလိုက်ရပေသည်။

## ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ပုဂံမြို့ဟောင်း သရပါတံခါး ခေတ္တ ပိတ်ထားမည်



ညောင်ဦး ဖေဖော်ဝါရီ ၄

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ အစွန့်ရှည်တည်တံ့စေရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်အနေဖြင့် ပုဂံဒေသအတွင်း ရေကြီးရေဝပ်မှုများ လျှော့ချနိုင်ရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ပုဂံခေတ် မူလရေလမ်းကြောင်းများအား ပြန်လည်ဖော်ထုတ်ထိန်းသိမ်းခြင်း လုပ်ငန်းတွင်ပါဝင်သော ကျုံးမှ ဧရာဝတီမြစ်အထိ စီးဆင်းရေလမ်းကြောင်းရှိ ကျုံးဧရိယာအား ရေစီးဆင်းမှု ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် ရေပြွန်များ ပြုလုပ်ခြင်းတို့ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ မတ်လစတုတ္ထပတ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါကာလအတွင်း ပုဂံမြို့ဟောင်း သရပါတံခါးအား ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ( ပုဂံဌာနခွဲ)က အသိပေးထုတ်ပြန်ထားသည်။

ထိုသို့ လမ်းအသုံးပြုမှု ခေတ္တယာယီပိတ်ထားစဉ်ကာလအတွင်း အများပြည်သူများ သွားလာရာတွင် ညောင်ဦးမြို့မှ ပုဂံမြို့ဟောင်းသို့ သွားရောက်မည်ဆိုပါက သရပါတံခါး အရှေ့ဘက်ရှိ အာနန္ဒာဘုရား အဝင်လမ်းမှတစ်ဆင့် အနော်ရထာလမ်းမကြီးအတိုင်း ပုဂံမြို့ဟောင်းလမ်းဖြင့် သွားလာနိုင်မည်ဖြစ်ပြီး ဧရာဆိပ်မှ ပုဂံမြို့ဟောင်းသို့သွားရောက်မည်ဆိုပါက မြောက်ဘက် ကျုံးဘေးလမ်းမှ တောင်ဘီရွာအတွင်းလမ်းမှ ဖြတ်၍ လည်းကောင်း၊ သရပါဟိုတယ် အနောက်ဘက်လမ်းမှလည်းကောင်း ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။ ဖြတ်သန်းသွားလာနိုင်မည့်လမ်းကြောင်းပြ အသိပေးဆိုင်းဘုတ်များကို အများပြည်သူမြင်သာမည့်နေရာများတွင် အသိပေးစိုက်ထူထားမည်ဖြစ်သည်။

ပုဂံဒေသ၏ အမွေအနှစ်တစ်ရပ်ဖြစ်သော သရပါတံခါး နတ်မောင်နှမ နတ်ကွန်းများအား အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းနန်းတော်ရာ မြောက်ဘက်ကားလမ်းမှတစ်ဆင့် လာရောက်ပူဇော်နိုင်ပြီး ရိုးရာအစဉ်အလာမပျက် အများပြည်သူပူဇော်ပသနိုင်ရေးအတွက် သီးသန့်ဧရိယာထားရှိ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလမ်းပိုင်းများကို အများပြည်သူ ပြန်လည်ဖြတ်သန်းအသုံးပြုနိုင်ပြီဆိုပါက ပြန်လည်၍ အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဇော်(ဓာတု)

## ဗလငါးတန်နှင့် ပြည့်စုံစေရန် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အမှတ် (၃၄)အခြေခံပညာ မူလတန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် အမှတ်(၃၄)အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်လွင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ပညာသင်ကြားနေစဉ်ကာလမှာ ပညာရေးကို ဂရုတစိုက်လေ့လာသင်ယူသင့်ကြောင်း၊ မူးယစ်ဆေးဝါးကို စမ်းသပ်မသုံးစွဲသင့်ကြောင်း၊ လူကုန်ကူးမှုအန္တရာယ်မှ ကာကွယ်နိုင်စေရန် စာပေတွေများများဖတ်သင့်ကြောင်း၊ အနာဂတ်လူငယ် မျိုးဆက်သစ်များကို စာအုပ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိလာပြီး စာပေတွင်မွေ့လျော်ကာ မိမိတို့၏ ကိုယ်ပိုင်အချိန်များကို အကျိုးရှိစွာ အသုံးချတတ်လာစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးညီဝင်းသူက လူငယ်နှင့် စာပေအကြောင်းကို ဟောပြောသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၅၆)

## ပုသိမ်ကြီးမြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတား(၁)စင်း တည်ဆောက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချော-ဆည်တော်-ဂိုက်တန်းလမ်းပေါ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေ တိုက်စားမှုကြောင့် ကမ်းကပ်ခုံနှစ်ဖက်ကျိုးကျပျက်စီးသွားသည့် ပေ ၄၀ အရှည်ရှိ ကွန်ကရစ်တံတားနေရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(မူလ)ရန်ပုံငွေကျပ် ၂၆၄ ဒသမ ဝဝ သန်းဖြင့် ၁၈ ဒသမ ၂၉ မီတာ အရှည် ကွန်ကရစ်တံတားတစ်စင်း ပြန်လည်အကောင်အထည်ဖော်တည်ဆောက်ခဲ့သည်။

အဆိုပါ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအပေါ် ဖေဖော်ဝါရီ ၃ ရက်က မန္တလေးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် အမရပူရခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးရဲလွင်တို့သည် ပုသိမ်ကြီးမြို့နယ် ဒေါ်မိုးခိုင်(ဦးစီးအရာရှိ-မြို့ပြ)လိုက်ပါလျက် ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) မြို့နယ် ပြန်/ဆက်**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးထံ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ပုံစံတူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ် ဆက်ကပ်လှူဒါန်းစဉ်။



ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဓမ္မလက်ဆောင်များ ပေးအပ်စဉ်။

ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးနှင့် အဖွဲ့ဝင်များအား ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ခဲ့သည့် အခြေအနေများ၊ ယခုကဲ့သို့ ခရီးစဉ်ကြွရောက်လာသည့်အတွက် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး သာသနာတော်ဆိုင်ရာ ကိစ္စရပ်များကို ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လျှောက်ထားတင်ပြသည်။

ထိုသို့လျှောက်ထားတင်ပြရာ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီးက မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ဘုရားဖူးလာရောက်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ လာရောက်ဖူးမြော်မှုအတွက် ဝမ်းမြောက်ပါကြောင်း၊ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှုတွင် တူညီပြီး ယဉ်ကျေးမှုဆိုင်ရာများတွင်လည်း ခွဲခြား၍မရသည့် နိုင်ငံများ ဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်များတွင် နိုင်ငံတကာမှ စာသင်သားရဟန်းများ လာရောက်၍ သင်ယူနေမှုများအတွက်လည်း မြန်မာနိုင်ငံအတွက်



ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး တစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry ဦးဆောင်သည့် ဆရာတော်၊ သံဃာတော်များနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာစဉ်။

ဝမ်းမြောက် ဂုဏ်ယူကြောင်း၊ ယခုကဲ့သို့ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာကြစေကြောင်းနှင့် မြန်မာနိုင်ငံကြီး တည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေကြောင်းဖြင့် ဆုတောင်းစကားကို ပြန်လည်မိန့်ကြားတော်မူပြီး မြန်မာနိုင်ငံအတွက် မေတ္တာပို့ဆုတောင်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိ ဆရာတော်ကြီးထံသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်

*စာမျက်နှာ ၄ သို့*





ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး တစ်ပါးဖြစ်သော His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipadi Dr. Bour Kry ဦးဆောင်သည့် ဆရာတော်၊ သံဃာတော်များ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

စာမျက်နှာ ၃ မှ

ပုံစံတူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဓမ္မလက်ဆောင်များ ပေးအပ်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် အဓိပတိဆရာတော်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါကမ္ဘောဒီးယားနိုင်ငံ၏အဓိပတိဆရာတော်ကြီးနှင့် အဖွဲ့ဝင်များသည် ယခုလ ၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် သာသနိကအဆောက်အအုံများနှင့် သာသနာတော်ဆိုင်ရာများကို သွားရောက်ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြကြောင်း၊ ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့ကို သွားရောက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်းနှင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း တန်ခိုးကြီးဘုရားစေတီပုထိုးများကို ဆက်လက်ဖူးမြော်ကြည်ညိုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၄

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာသို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ကျောင်းသစ် ကျောင်းတိုက်၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၅၉ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။(အပေါ်ပုံ)

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၁၄ ဦး၊ ခွဲစိတ်ရောဂါ ၄၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၉ ဦး၊ ကလေးရောဂါ ၄၃ ဦး၊ အရိုးရောဂါ ၁၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါရှိသူ ၉၀ နှင့် သွားနှင့်ခံတွင်းရောဂါရှိသူ ၉၀ တို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၄၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ ၁၄ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။





ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

“နား၊ နှာခေါင်း၊ လည်ချောင်း လာပြတာပါ။ ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်မတို့ဆီက ခရီးလမ်း သွားရလာရတာ ဝေးတော့ အခုလို နယ်လှည့်ဆေးကုသဘော်ကြီးက လာရောက်ကုသပေးတဲ့အတွက် အများကြီးအဆင်ပြေပါတယ်။ အရင်နှစ်တွေတုန်းကလည်း နယ်လှည့်ဆေးကုသဘော်ကြီး ဆေးလာကုပေးဖူးပါတယ်။ အဲဒီတုန်းကတော့ မျက်စိပြခဲ့ပါတယ်။ မျက်စိအတွက် မျက်စဉ်းဆေးပေးလိုက်တာနဲ့တင် ပျောက်ကင်း သက်သာသွားပါတယ်။ အစစအရာရာ အားလုံးအဆင်ပြေပါတယ်။ ဆရာဝန်တွေက စေတနာလည်းထားပြီး ကုသပေးပါတယ်။ ငွေကုန်ကြေးကျကတော့ အများကြီးသက်သာပါတယ်။ ကျွန်မတို့အနေနဲ့ ပုသိမ်မြို့အထိ ဆေးခန်းသွားပြရတာပါ။ အခုလို လာရောက်ကုသပေးတော့ ဆိုင်ကယ်လေးနဲ့ လာလိုက်ရုံပါပဲ။ လမ်းစရိတ်ကလည်း အများကြီးသက်သာပါတယ်။ ဆေးကုသစရိတ်တွေလည်း အများကြီးသက်သာသွားပါတယ်။ အခုလို လာရောက်ဆေးကုသပေးတဲ့ ဆရာဝန်၊ ဆရာမတွေ၊ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေ အားလုံးကို အများကြီး ကျေးဇူးတင်ပါတယ်” ဟု လာရောက်ပြသသူတစ်ဦး က ပြောကြားသည်။

“ကျွန်တော်က အရိုး၊ အကြောရောဂါဖြစ်လို့ လာပြတာပါ။ လေ့ကျင့်ခန်းလုပ်ဖို့ ပြောပါတယ်။ သောက်ဆေးတွေလည်း ပေးလိုက်ပါတယ်။ ကျွန်တော်က ကျောက်ကပ်အဆင့်(၄) ဖြစ်နေတဲ့အခါကျတော့ အကိုက်အခဲပျောက်ဆေးပေးလို့ မရဘူး။ အဲဒါကြောင့် လေ့ကျင့်ခန်းတွေကို ပိုပြီးလုပ်ဖို့ ပြောပါတယ်။ ပါရဂူတွေနဲ့ ပြဖို့ဆိုတာက ကျွန်တော်တို့အနေနဲ့ ပုသိမ်တို့၊ ရန်ကုန်တို့ကို သွားမှပြလို့ ရမှာပါ။ ကျွန်တော်က တစ်ယောက်တည်း သွားပြလို့ကလည်း အဆင်မပြေဘူးလေ။ မိသားစုက လိုက်ပေးမှရတာပါ။ မိသားစုကလည်း လူနည်းတဲ့အခါကျတော့ သွားဖို့တော်တော်လေး အခက်အခဲဖြစ်ပါတယ်။ အခုလို ပါရဂူတွေလည်း စုံစုံညီညီလေး ရောက်လာပြီး ကုသမှုပေးလို့ ပြသရတာ အထူးကိုပဲ အဆင်ပြေပါတယ်။ သမားတော်ကြီးတွေ လာရောက်ပြီးတော့ ကုသပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အခုလို ကုသလို့ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်” ဟု အရိုး၊ အကြောနှင့် ကျောက်ကပ်ဝေဒနာရှင်တစ်ဦးက ပြောကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ICRC ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် MRTV DTH စလောင်းနှင့် Set Top Box များ လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၄

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် MRTV DTH စလောင်း အစုံ ၁၀၀ နှင့် DVB T-2 Set Top Box အလုံး ၃၀၀ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(ငြိမ်း)၊ အတွင်းရေးမှူး ဗိုလ်ချုပ်စန်းမြင့်(ငြိမ်း)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တပ်မတော်သားများအနေဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်ကာလတွင်ရော၊ အငြိမ်းစားဘဝရောက်ရှိသည့်အချိန်ထိတိုင် နိုင်ငံ့အကျိုးကို ထမ်းဆောင်လျက်ရှိသည့်အတွက် ဂုဏ်ယူပါကြောင်း၊ စစ်မှုထမ်းဟောင်းများ အနေဖြင့် တပ်မတော်နှင့်အတူ လက်တွဲပြီး သင့်တော်သည့် ကဏ္ဍများတွင် နိုင်ငံတော် တည်ငြိမ်ရေး ပူးပေါင်းဆောင်ရွက်နေသည်ကို သိရှိရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး သတင်းတု၊ သတင်းမှားများကို ဆန်းစစ်ဝေဖန်နိုင်ပြီး သတင်းမှန်ကို ခွဲခြားသိရှိမှသာ ဆောင်ရွက်ချက်များ ပိုမိုတန်ဖိုးရှိမည် ဖြစ်သည့်အတွက် စစ်မှုထမ်းဟောင်း အဖွဲ့သို့ ယခုလို လှူဒါန်းရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက MRTV DTH စလောင်း အစုံ ၁၀၀ နှင့် DVB T-2 Set Top Box အလုံး ၃၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(ငြိမ်း)နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။




ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(ငြိမ်း) က ယခုကဲ့သို့ လှူဒါန်းခြင်းအတွက် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအတွက် များစွာ အကျိုးကျေးဇူး ရှိမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းများနှင့် မိသားစုဝင်များအား အသိအမှတ်ပြုသည့်အတွက် အားတက်ရပါကြောင်း ပြောကြားခဲ့သည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်နေသော သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ပါမောက္ခချုပ်နှင့်အတူ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်ရှိ သစ်တောသုတေသနစခန်း အမှတ် ၅၊ မိုးစွေသို့ သွားရောက်၍ တောတွင်းလက်တွေ့လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေသော သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ တတိယနှစ် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ကျောင်းသား ကျောင်းသူများအနေဖြင့် စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ပြီး ထူးချွန်ထက်မြက်သူများ ဖြစ်အောင် ကြိုးစားသွားရန်လိုကြောင်း၊ ထို့ပြင် မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများအတွက်လည်း အခွင့်အလမ်းများစွာရှိကြောင်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်သည် စာတွေ့နှင့် လက်တွေ့ ပေါင်းစပ်သင်ကြားပေးသည့် တက္ကသိုလ်ဖြစ်သည့်အပြင် သုတေသနဆိုင်ရာ လုပ်ငန်းများနှင့် ဆက်စပ်နေသည့်အတွက် သုတေသနလေ့လာမှုများကိုလည်း ဆောင်ရွက်သွားစေလိုကြောင်း၊ တက္ကသိုလ်မှသင်ကြားပေးလိုက်သည့် စာတွေ့သင်ခန်းစာများနှင့် ယခုတောတွင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများ ပေါင်းစပ်၍ ကြိုးစားလေ့လာသင်ယူသွားရန်၊ ကျောင်းသား ကျောင်းသူအချင်းချင်း Team Work ဖြင့် ဆောင်ရွက်သွားရန် မှာကြားပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ၏ တောတွင်းကွင်းဆင်းဆောင်ရွက်နေမှုနှင့် သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် တတိယနှစ် ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုတောတွင်း လက်တွေ့ကွင်းဆင်းရာတွင် တောအမျိုးအစားခွဲခြားခြင်းနှင့် သစ်မျိုးခွဲခြားခြင်း၊ သစ်တောမြေဆီလွှာနှင့် သစ်တောမြေတိုင်းတာခြင်း၊ ကြိုးဝိုင်းနယ်နိမိတ်နှင့် အကွက်နယ်နိမိတ် စစ်ဆေးခြင်းနှင့် နယ်နိမိတ် ဘုတ်တိုင်များ ပြင်ဆင်ခြင်း၊ ပျိုးဥယျာဉ်တည်ထောင်ခြင်း၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းတွင် ကျရောက်တတ်သည့် ပိုးမွှားများ ကာကွယ်ခြင်း၊ စိုက်ခင်းဟောင်းများ မီးကာကွယ်ခြင်း၊ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆောင်ရွက်မည့်(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှု

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆောင်ရွက်မည့်(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ အခမ်းအနားအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည့် ချမ်းမြသာစည်မြို့နယ်ရှိ ဆင်ဖြူကျွန်းကွင်းသို့ ရောက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝင် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန်ဦးကျော်ဆန်းက ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားအတွက် ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်း ပြည်ပ ပန်းမျိုးများ သစ်ပင်၊ ပန်းပင်၊ အလှပင်များ စိုက်ပျိုးပြင်ဆင်ထားမှု၊ မျက်စိပသာဒရှိအောင် ရောင်စုံစိုက်ပျိုးထားရှိမှု၊ အလှအပဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု၊ ပြခန်းများတည်ဆောက်ထားမှုများကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

၀-၀-၀















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ ၊ ပြိုင်ပွဲ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်

**မန္တလေး၊ ဖေဖော်ဝါရီ ၄**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိမန္တလာ သီရိအားကစားကွင်း၌ အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ အလေးပြုခြင်းအခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားများကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားစွာကျင်းပသွားမည်ဖြစ်ပါကြောင်း ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများအနေဖြင့် တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍများအလိုက် လစ်ဟာမှုမရှိစေရေး စနစ်တကျကြပ်မတ်အလေးထားကာ အချင်းချင်းချိတ်ဆက် ပေါင်းစပ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ အခမ်းအနားပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး၊ စတုဒိသာကျွေးမွေး ဧည့်ခံရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေး၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပရေး၊ စာပေဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုများချီးမြှင့်သွားရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ငင်းနောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြပွဲ၊ ပြိုင်ပွဲများကို ချမ်းမြသာစည်မြို့နယ်ရှိ၊ ဆင်ဖြူကန်ကွင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများအနေဖြင့် ဖွဲ့စည်းတာဝန်ပေးထားသည့်အတိုင်း ရည်ရွယ်ချက်များကို အောင်မြင်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အချင်းချင်းချိတ်ဆက်ကာ လုပ်ငန်းလိုအပ်ချက်များ မရှိစေရေး ပေါင်းစပ်ဆောင် ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်းက ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များ၊ ပြိုင်ပွဲအားလုံးအတွက် ဆုများချီးမြှင့်သွားမည့် အစီအစဉ်များ၊ ပြပွဲ၊ ပြိုင်ပွဲလာ ဧည့်ပရိသတ်များအား တေးဂီတအဖွဲ့များနှင့် တွဲဖက်၍ အနုပညာရှင်များက သီဆိုဖျော်ဖြေသွားမည့်အစီအစဉ်များနှင့် လုပ်ငန်းကော်မတီအလိုက် တာဝန်ခွဲဝေချထားပေးမှုများကို လည်းကောင်း၊ လုပ်ငန်းကော်မတီဝင်များက ပြပွဲ၊ ပြိုင်ပွဲအခမ်းအနားပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

သတင်း-စာမျက်နှာ ၆



# ကချင်ပြည်နယ် ဧရာဝတီမြစ် ရေလယ်ကျွန်းသဲသောင်ခုံပေါ်တွင် တောင်နန်းခေါင်းကျားကောင်ရေ ၄၀၀ ကျော် အုပ်စုလိုက် လာရောက် ကျက်စားနေထိုင်လျက်ရှိ

**မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်အတွင်း ရေလယ်ကျွန်း သဲသောင်ပြင်ပေါ်တွင် ဆောင်းခိုငှက် မျိုးစိတ်တစ်မျိုး ဖြစ်သည့် တောင်နန်းခေါင်းကျား (Bar-headed Goose) ကောင်ရေ ၄၀၀ ကျော်ခန့် အုပ်စုလိုက် ယခင်နှစ် ဒီဇင်ဘာလကုန်ပိုင်းလောက်မှ စတင်၍ လာရောက်ကျက်စားနေထိုင်လျက်ရှိသည်ကို တွေ့ရှိရသည်။



ကချင်ပြည်နယ်အတွင်း နှစ်စဉ်ဆောင်းရာသီတွင် အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် ဆောင်းခိုငှက်မျိုးစိတ်ပေါင်းစုံ အောက်တိုဘာလမှ စတင်၍ လာရောက် နေထိုင်လေ့ရှိသည်ကို အများဆုံးသိရှိရပြီး အဆိုပါ တောင်နန်းခေါင်းကျား ငှက်များ အနေဖြင့် ဧရာဝတီမြစ်အတွင်း သဲသောင်ခုံပေါ်တွင် ၂၀၂၄ ခုနှစ်မှ စတင်လာရောက်နေထိုင်ခြင်းဖြစ်သည်။

ထိုသို့ ဆောင်းခိုငှက်များ လာရောက်နေထိုင်မှုသည် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်ရှိ ဆောင်းခိုငှက်များ ပျံသန်းရာလမ်းကြောင်း ကိုးခုအနက် အလယ်အာရှ လမ်းကြောင်း (Central Asia Flyway) နှင့် အရှေ့အာရှ-ဩစတြေးလျလမ်းကြောင်း (East-Asia Australian Flyway) နှစ်ခုပေါ်တွင် ကျရောက်နေထိုင်ကြခြင်းဖြစ်ကြောင်း အင်းတော်ကြီးအိုင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ထို့ပြင် တောင်နန်းခေါင်းကျား ငှက်များသည် ဆောင်းခိုငှက်မျိုးစိတ်တစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံ အပါအဝင် ထိုင်းနိုင်ငံမြောက်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတောင်ပိုင်းတို့တွင်အောက်တိုဘာလမှ ဧပြီလအတွင်း လာရောက်ဆောင်းခို ကျက်စားလေ့ရှိကာ အာရှတိုက် အလယ်ပိုင်းတွင် သားပေါက်လေ့ ရှိကြောင်းနှင့် အဓိကအားဖြင့်မြစ်များ၊ လယ်ကွင်းများနှင့် ရေလှောင်တမံများတွင် အများဆုံးတွေ့ရပြီး မြန်မာနိုင်ငံတွင် လုံးဝကာကွယ်ထားသည့် ငှက်မျိုးစိတ်ဖြစ်ကာ International Union For Conservation of Nature-IUCN (အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့)၏ စာရင်းများအရ Least Concern-LC (မျိုးသုဉ်းရန် မစိုးရိမ်ရသေးသောမျိုးစိတ်)တစ်ခု ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မက္ကဆီကို ကုန်ပစ္စည်းများအပေါ် အကောက်ခွန်စည်းကြပ်မည့်ကိစ္စ အီကွေဒေါသမ္မတ ဒါနီယဲလ်နိုဘိုအာ အတည်ပြုပြောကြား

**ကွီတို ဖေဖော်ဝါရီ ၄**

အီကွေဒေါနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံထုတ်ကုန်များနှင့်ပတ်သက်၍ မျှတသောဆက်ဆံမှုရရှိစေရန်အတွက် မက္ကဆီကိုကုန်ပစ္စည်းများအပေါ် အကောက်ခွန် ၂၇ ရာခိုင်နှုန်း စည်းကြပ်သွားမည်ဟု သမ္မတ ဒါနီယဲလ်နိုဘိုအာ ယမန်နေ့က အတည်ပြုပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် မရရှိမချင်း မက္ကဆီကိုမှတင်သွင်းသော ကုန်ပစ္စည်းများကို ၂၇ ရာခိုင်နှုန်း အကောက်ခွန်ကျင့်သုံးမည်ဟု ဆိုသည်။

သို့သော် အီကွေဒေါသည် မက္ကဆီကို၏ကုန်သွယ်ဖက်အဖြစ် အလွန်သေးငယ်သောအခန်းကဏ္ဍမှသာပါဝင်နေပြီး၊ မက္ကဆီကို၏ ပြီးခဲ့သည့်နှစ်က ပို့ကုန်တန်ဖိုး၏ ၀ ဒသမ ၁ ရာခိုင်နှုန်းထက်နည်းသော ပမာဏသာရှိကြောင်း သိရသည်။

**Mon**



## ချက်ဂျီပီတီကိုဖန်တီးခဲ့သည့် အိုးပင်းအေအိုင်အုပ်စုနှင့် ကိုရီးယားအခြေစိုက် ကကအောကုမ္ပဏီ ပူးပေါင်းမည်

**ဆိုးလ် ဖေဖော်ဝါရီ ၄**

ချက်ဂျီပီတီကိုဖန်တီးခဲ့သည့် အိုးပင်းအေအိုင်အုပ်စုနှင့် တောင်ကိုရီးယား၏ အဓိကချက်အက်ပ်လုပ်ငန်းလည်ပတ်သူ ကကအောကုမ္ပဏီတို့သည် ကိုရီးယားဈေးကွက်အတွက် မှတ်ဉာဏ်တုထုတ်ကုန်များကို ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဗျူဟာမြောက်မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်ရှိသည်ဟု ဖေဖော်ဝါရီ ၄ ရက်တွင် ကြေညာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆိုးလ်မြို့၌ အိုးပင်းအေအိုင်အုပ်စု အမှုဆောင်အရာရှိချုပ်




ဆမ်အော့ထ်မန်းနှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ၎င်း၏ထုတ်ကုန်များအတွက် အိုးပင်းအေအိုင်၏နည်းပညာကို အသုံးပြုသွားမည်ဟု ကကအောကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ချုန်ရှင်းအားက ထုတ်ဖော်ပြောကြားခဲ့သည်။

ကိုရီးယားကုမ္ပဏီများစွာသည် အမေရိကန်စတားဂိတ် အချက်အလက်စင်တာစီမံကိန်း၏ ဂေဟာစနစ်အတွက် အရေးပါသော ပံ့ပိုးကူညီသူများဖြစ်လာမည်ဟု ပြောကြားခဲ့သော်လည်း မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဆွေးနွေးမှုများကို လျှို့ဝှက်ထားလိုကြောင်း အော့ထ်မန်းက ထပ်လောင်းပြောကြားခဲ့သည်။

အိုးပင်းအေအိုင်၊ ဆော့ဖ်ဘန့်ခ်နှင့် အော်ရာကယ်လ်တို့ပူးပေါင်းကာ စတားဂိတ်အချက်အလက်စင်တာစီမံကိန်း အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး မှတ်ဉာဏ်တုအခြေခံအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှုအဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ အထိ ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ကြေညာခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **Mon**



## ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်းရှိ သူပုန်အဖွဲ့များ လူသားချင်းစာနာမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ကြေညာ

**ကင်ရှာဆာ ဖေဖော်ဝါရီ ၄**

ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်းရှိ သူပုန်အဖွဲ့များ၏ မဟာမိတ်အဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက်မှစတင်၍ လူသားချင်းစာနာမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့ကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။

အဆိုပါအဖွဲ့တွင် ရဝမ်ဒါကျောထောက်နောက်ခံပြု အမ် ၂၃ သူပုန်များပါဝင်ပြီး နိုင်ငံ၏အရှေ့ပိုင်းဒေသများတွင် နယ်မြေများကို သိမ်းပိုက်ပြီးနောက် အပစ်အခတ်ရပ်စဲရခြင်းမှာ လူသားချင်းစာနာမှုဆိုင်ရာ အကြောင်းပြချက်များကြောင့်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

သူပုန်များသိမ်းပိုက်ထားသည့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အကြီးဆုံးအရှေ့ပိုင်းမြို့တော်ဖြစ်သည့် ဂိုမာမြို့နှင့်အနီးတစ်ဝိုက်တွင် မကြာသေးမီက တိုက်ခိုက်မှုများအတွင်း လူအနည်းဆုံး ၉၀၀ ဦး သေဆုံးပြီး ၂၈၈၀ ဦး ဒဏ်ရာရရှိခဲ့သည်။

ဒေသတွင်းတိုက်ပွဲများကြောင့် လွန်ခဲ့သောသုံးနှစ်အတွင်း လူပေါင်းရာနှင့်ချီ၍ နေရပ်ရွှေ့ပြောင်းခဲ့ရပြီး ကုလသမဂ္ဂ၏ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အဆိုအရ ၂၀၂၅ ခုနှစ်မှစတင်၍ လူပေါင်း ၄၀၀၀၀၀ ကျော် ၎င်းတို့၏နေအိမ်များမှ နှင်ထုတ်ခံခဲ့ရကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



ဥရောပကာကွယ်ရေးကို အမေရိကန်မပါဘဲ လုပ်ဆောင်နိုင်မည်မဟုတ်ဟု ဖေဖော်ဝါရီ ၃ ရက်က ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တော်၌ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် နေတိုးအဖွဲ့ အတွင်းရေးမှူးချုပ် မာ့ခ်ရူတေ ထုတ်ဖော်ပြောကြားနေစဉ်။ **Mon**

## ဆီးရီးယားနိုင်ငံမြောက်ပိုင်း မန်ဘစ်မြို့ပြင်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၂၀ ဦးထက်မနည်း သေဆုံး



**ဒမတ်စကတ် ဖေဖော်ဝါရီ ၄**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း မန်ဘစ်မြို့ပြင်တွင် ဖေဖော်ဝါရီ ၃ ရက်ကဖြစ်ပွားသော ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၂၀ ဦးထက်မနည်းသေဆုံးပြီး အခြားလူများစွာ ဒဏ်ရာရရှိခဲ့သည်ဟု ဆီးရီးယားသမ္မတရုံးက အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ယမန်နှစ် ဒီဇင်ဘာလတွင် သမ္မတဘာရှားအယလ်အာဆတ်ကျဆုံးပြီးနောက် ပြည်တွင်း၌ဖြစ်ပွားခဲ့သော အသေအပျောက်အများဆုံး တိုက်ခိုက်မှုဖြစ်သည်။

ထိုဖြစ်စဉ်သည် တူရကီကထောက်ခံသော အင်အားစုများနှင့် ကာ့ဒ်လူမျိုးစုများလွှမ်းမိုးထားသည့်အုပ်စုတို့အကြား တိုက်ပွဲများဖြစ်နေသည့်ဒေသတွင် တစ်လကျော်အတွင်းဖြစ်ပွားသည့် သတ္တမမြောက်ကားဗုံးပေါက်ကွဲမှုဖြစ်သည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှုကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချပြီး တာဝန်ယူမှုရှိစေရန် ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဟု ဆီးရီးယားသမ္မတရုံးက ထုတ်ပြန်ကြေညာသည်။

ကားဗုံးသည် စိုက်ပျိုးရေးလုပ်သားများ အများဆုံးတင်ဆောင်သည့် ယာဉ်တစ်စီးအနီးတွင် ညပိုင်း၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ထိုအကြမ်းဖက်တိုက်ခိုက်မှုတွင် သေဆုံးသူများထဲ၌ အမျိုးသမီး ၁၁ ဦးနှင့် ကလေး ၃ ဦး ပါဝင်သည်ဟု ဆီးရီးယားအရပ်ဘက်ကာကွယ်ရေး ဦးထုပ်ဖြူတပ်ဖွဲ့က အတည်ပြုကြောင်း သိရသည်။ **Mon**

**STOP AIDS**

## ဗြိတိန်နိုင်ငံ ရှက်ဖီးလ်မြို့ရှိ ကျောင်းတစ်ကျောင်းတွင် ဓားထိုးတိုက်ခိုက်မှုဖြစ်ပွား၊ လူငယ်တစ်ဦး သေဆုံး

**လန်ဒန် ဖေဖော်ဝါရီ ၄**

ဗြိတိန်နိုင်ငံ ရှက်ဖီးလ်မြို့ရှိ ကျောင်းတစ်ကျောင်းတွင် ယမန်နေ့က ဓားထိုးတိုက်ခိုက်မှုဖြစ်ပွားရာ အသက် ၁၅ နှစ်အရွယ် လူငယ်တစ်ဦး သေဆုံးခဲ့သည်ဟု ရဲတပ်ဖွဲ့ကအတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အခင်းဖြစ်နေရာ၌ ဟာဗေးဝီလ်ဂူးစ်ဟုအမည်ရသော ထိုလူငယ်ကို ဓားထိုးတိုက်ခိုက်ခံရကာ ဒဏ်ရာရခဲ့ပြီး ရဲနှင့်ဆေးဘက်ဆိုင်ရာဝန်ထမ်းများ အဆောတလျင်ရောက်ရှိလာခဲ့သော်လည်း ခဏအကြာတွင် ၎င်း သေဆုံးခဲ့သည်။

အဓိကသံသယရှိသူကို ဖမ်းဆီးထားပြီး ဆက်လက်စစ်ဆေးနေသည်ဟု ဒေသခံရဲတပ်ဖွဲ့မှ ရဲအုပ်ကြီး လင်းဆေးဘတ်တာဖီးလ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## ဩစတြေးလျနိုင်ငံ ကွင်းစ်လန်းပြည်နယ်အတွင်း မိုးသည်းထန်ရေကြီးမှုများကြောင့် များစွာပျက်စီးဆုံးရှုံးခဲ့ရ

**ကင်ဘာရာ ဖေဖော်ဝါရီ ၄**

ဩစတြေးလျနိုင်ငံတွင် ယခင်အပတ်ကဖြစ်ပွားသည့် ရေကြီးမှုများကြောင့် မြောက်ပိုင်းကွင်းစ်လန်းပြည်နယ်ရှိ ကျေးရွာများ၌ မယုံနိုင်လောက်အောင် ပျက်စီးမှုများဖြစ်ပေါ်စေခဲ့သည်ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေးဗစ်ခရူဆာဖူလီကပြောကြားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သို့သော် ဆိုးရွားသောရာသီဥတုအခြေအနေများသည် ခန့်မှန်းထားသည်ထက် ပိုမိုမြန်ဆန်စွာ ပြီးဆုံးပြေလည်သွားသည်။

ထောင်နှင့်ချီသော ရွှေ့ပြောင်းနေထိုင်သူများသည် ဖေဖော်ဝါရီ ၄ ရက်တွင် ၎င်းတို့၏အိမ်များသို့



ပြန်လာကြသော်လည်း အိမ်ခြေရာပေါင်းများစွာနှင့် စီးပွားရေးလုပ်ငန်းများ ရေလွှမ်းမိုးခံရမည်ဟု စိုးရိမ်နေခဲ့ကြသည်။

ဒါဟာ လူတွေရဲ့စိတ်ဓာတ်ကိုစမ်းသပ်တဲ့ ဘေးအန္တရာယ်တစ်ခုပါဟု ကွင်းစ်လန်းပြည်နယ်ဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားသည်။

ရေဘေးသင့်ဒေသ၏အစိတ်အပိုင်းများသည် ယခင်အပတ်နှောင်းပိုင်းမှစတင်၍ မိုးရေချိန် ၂ မီတာ(၆ ဒသမ ၅ ပေ)နီးပါးရွာသွန်းမှုကြောင့် ရေကြီးမှုသတိပေးချက်များနှင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဆက်လက်ဖြစ်ပေါ်နေသော်လည်း မကြာသေးမီနာရီအနည်းငယ်အတွင်းက ရာသီဥတုအခြေအနေများ ပြန်လည်တည်ငြိမ်သွားခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကွင်းစလန်းပြည်နယ်အတွင်းရှိ တောင်းစ်ဗီးလ်အပါအဝင် မြို့များတွင် ရေဘေးပြီးဆုံးသွားပြီဟု ဒေသခံအများစုက ယုံကြည်နေကြကြောင်း သိရသည်။ **Mon**

## စက်သုံးဆီအရောင်းဆိုင်များသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**မြစ်သား ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ၊ မြစ်သားမြို့နယ်၊ ကူမဲမြို့အတွင်း ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက မြစ်သားမြို့နယ်၊ ကူမဲမြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်ကြီးများသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြစ်သားမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မင်းကျော်နှင့် ဝန်ထမ်းများ၊ ကူမဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ကူမဲမြို့အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များ၌ မီးလန့်မှုနှင့် မီးလောင်မှုများ မဖြစ်ပွားစေရေး၊ မီးဘေးသတိရှိရေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးများ မီးသတ်ဆေးဘူးများ အသင့်ထားရှိစေပြီး မီးသတ်ဆေးဘူးများ လေပေါင်ရှိ၊ မရှိတို့ကိုစစ်ဆေး၍ မီးဘေးလုံခြုံရေးဆိုင်ရာတို့ကို အသိပညာပေးကာ လိုက်လံစစ်ဆေးဆောင်ရွက်ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဝန်ထမ်းများ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များအခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေး အသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**ဇော်ထက်(သရက်)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီး ရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီကသတင်းအရ သက်သေများနှင့် အတူတာချီလိတ်မြို့နယ်၊ မယ်ယန်းကျေးရွာအနီးတွင် စိုင်းအင်ကျောက် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် အိုက်ပျန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀နှင့် လက်ကိုင်ဖုန်း ၂ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ နံနက် ၁၀ နာရီ မိနစ် ၂၀က စိုင်းအင်ကျောက်နေထိုင်သည့် တာချီလိတ်မြို့နယ်၊ ဝမ်ကောင်းမွန်ကျေးရွာရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းအင်ကျောက် (၄၁)နှစ်နှင့် အိုက်ပျန်း (၄၂)နှစ်တို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀)ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံး၀ ဖြတ် မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က သက်သေများနှင့် အတူ လှိုင်လင်မြို့နယ်၊ ဟိုတင့်ကျေးရွာအနီးတွင် ရဲရင့်အောင် မောင်းနှင်ပြီး လှလှမူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် ရဲရင့်အောင်မှာ ထွက်ပြေးသွားသဖြင့် စစ်ဆေးရှာဖွေရာ လှလှမူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ အားတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် လှလှမူ (၃၅)နှစ်နှင့် ရဲရင့်အောင်တို့အား လှိုင်လင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ပေါက်မြို့နယ် ကျောက်လုံးကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျောက်လုံးကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ပြည်သူတစ်ဦးအား ဖမ်းဆီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျေးရွာများအတွင်း ဝင်ရောက်၍ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများအား ဥပဒေမဲ့ဖမ်းဆီးခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုအား အနိုင်ကျင့်ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှု မရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် ဓာတ်ပုံများကို အသုံးပြု၍ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်ဘုရားကြီး မျက်နှာတော်သစ်မင်္ဂလာ

ထိန်ထိန်လင်း



(၃-၂-၂၀၂၅) စာမျက်နှာ-၆ မှအဆက်

### နိဗဒ္ဓရေတော်ဝတ်အသင်း

ဒီနေရာမှာ မဟာမုနိဘုရားကြီးရဲ့ နိဗဒ္ဓရေတော်ဝတ်အသင်း အခန်းကဏ္ဍကိုလည်း တင်ပြလိုပါတယ်။ အခြားသောဝတ်အသင်း အဖွဲ့များနဲ့မတူ ထူးခြားသောအချက်မှာ ဝါတွင်း၊ ဝါပ ကာလမရွေး နေ့စဉ်နေ့တိုင်း ဝတ်တက်၊ ဝတ်ကပ်ရတဲ့အပြင် ပလ္လင်ပေါ်၊ ပလ္လင် အောက် ကိစ္စကြီးငယ်ဟူသမျှဆောင်ရွက်ရတဲ့ ကြီးလေးသော ဂရု ဓမ္မဝေယျာဝစ္စ၊ ဗုဒ္ဓဝေယျာဝစ္စအလုံးစုံကို ဆောင်ရွက်ကြရပါတယ်။ နိဗဒ္ဓရေတော်ဝတ်အသင်းဟု အမည်ပညတ်ထားချက်နှင့်အညီ ရွှေ၊ မိုး၊ ဆောင်းကာလမရွေး နံနက်အရုဏ်တော် တံခါးဖွင့်ချိန်အမှီ စုံညီရောက်ရှိ ခင်းကျင်း ပြင်ဆင်ထားပြီး ဖြစ်ရပါတယ်။ ရေတော် ဆရာတော် ဦးပဏ္ဍာဝလက်ထက်မှာ ရေတော်ဝတ်အဖွဲ့ဝင်များနဲ့ အတူ ဈေးချိုဝတ်အသင်း၊ ရှမ်းပွဲဝတ်အသင်းတို့မှလည်းမဟာမုနိ ဝတ်ရွတ်စဉ်ကို လက်ကိုင်ပြုပြီး လာရောက်ဝတ်တက်ကြကြောင်း သိရှိရပါတယ်။ ဝတ်ရွတ်စဉ်မှာ-

"မဟာမုနိ၊ တုမရှိသည့်၊ ဇောဓိထွဋ်ထား၊
မြတ်ဘုရားအား၊ ဝပ်တွားနေ့ည၊ နိဗဒ္ဓဖြင့်၊
ပြုကြကောင်းစွာ၊ ဥပသကာ၊ ဥပါသိကာ၊
ဒါယကာ၊ ဒါယိကာမအပေါင်း၊ သူတော်ကောင်းတို့"

ဟု ဝတ်တက်နိဒါန်းပျိုးထားတာကို တွေ့ရှိရတဲ့အတွက် ရှေးယခင်က အမျိုးသမီးဝတ်အသင်းသူများလည်းပါဝင်ကြောင်း မှတ်သားရပါတယ်။

ရေတော်ဆရာတော် ဦးပဏ္ဍာဝမှ ဆရာတော်ဦးကုဏ္ဍာလလက်ထက်အထိ ရေတော်ဝတ်အသင်းကို မန္တလေးမြို့၊ စိန်ပန်းရပ်နေ ဦးခလေးက ဦးဆောင်ခဲ့ပြီး ဦးခလေး ကွယ်လွန်သွားတဲ့ အချိန်မှာတော့ မန္တလေးမြို့၊ ရတနာဘုမ္မိ အရှေ့ရပ်နေ ဦးထွန်းအေးမှ ဦးဆောင်ခဲ့ပါတယ်။ အဲဒီနောက် ၃၆လမ်း၊ ဒဟတ္တွောမှာနေတဲ့ ဦးဘိုမောင်၊ ဖွန်းစုရပ်မှာနေတဲ့ တြိပါလဆရာကြီး ဦးချောတို့က အဆက်ဆက် ဦးဆောင်ခဲ့ပါတယ်။ ဦးထွန်းအေးနဲ့ ဦးဘိုမောင် တို့ကတော့ ကွယ်လွန်ခဲ့ရှာပါပြီ ဆရာကြီးဦးချောလည်း အသက်အရွယ်ကြီးရင့်ပြီဖြစ်တဲ့အတွက် အဖွဲ့ဝင်အဖြစ်သာ ဝတ်ပြုနိုင်ပါတော့တယ်။ လက်ရှိမှာတော့ တမ္ပဝတီရပ်နေ ဦးခင်မောင်မြင့်မှ ဦးဆောင်ပြီး ရေတော်ဆရာတော်၏ ဝတ်ကြီးဝတ်ငယ်ရေတော်ဝတ်ကို ယနေ့အချိန်အထိ ဆောင်ရွက်လျက်ရှိပါတယ်။ ရေတော်ဝတ် အဖွဲ့ဝင်အဖြစ် ရှေ့တော်မှာ ၃နှစ် ၃ မိုး နေ့စဉ်မပျက်၊ ဝတ်တက်၊ ဝတ်ရွတ် ရွက်ဆောင်ခဲ့ပြီးမှသာ ပလ္လင်ပေါ်တက်ပြီး ဝတ်ပြုဆောင်ရွက်ခွင့်ရတယ်လို့ အသက် ၉၃ နှစ်ရှိဆရာကြီး ဦးချောက ပြောပြပါတယ်။

### နံ့သာသွေးဆောင်

ရုပ်ရှင်တော်ဘုရားကြီးအား မျက်နှာတော်သစ်ရာမှာ ခုနှစ်ရက်သားသမီး ဘုရားဖူးပြည်သူများသွေးတဲ့ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ သနပ်ခါးစတဲ့ သဘာဝနံ့သာသွေးရည်များကို အသုံးပြုပါတယ်။ ရင်ပြင်တော်မြောက်ဘက် ဗုဒ္ဓဝင်ဝင်းအတွင်းမှာ ရှေးယခင်ကထဲက နံ့သာသွေးတဲ့ သနပ်ခါးသွေး ဆောင်နေရာရှိပါတယ်။ အဲဒီနေရာမှာ ပဲ(၁၇-၇-၂၀၂၀)ရက်မှာ မန္တလေးမြို့နေ ဦးစန်းဝေ+ဒေါ်ကြည်ကြည်ဝင်း၊ ဦးညွန့်လွင်+ဒေါ်ခင်မာစန်း မိသားစုတို့က နံ့သာသွေးဆောင်အသစ် ဆောက်လုပ်လှူဒါန်းထားတာကို တွေ့ရှိရပါတယ်။ သနပ်ခါးသွေး ကွန်ကရစ် ခုံတန်းရှည်ပေါ်မှာ သနပ်ခါးကျောက်ပြင်ကြီး၊ ငယ် အရွယ်အစားမျိုးစုံနဲ့ အလှူရှင်များလှူဒါန်းထားတဲ့ သနပ်ခါးတုံးများ ရေသန့်ရေစင်များ၊ လက်ဆေးရေစင်များ အသင့်ထားရှိပေးပါတယ်။ သန့်စင်မွန်မြတ်သော မျက်နှာသစ်ရေတော် ရရှိနိုင်ရေး နံ့သာသွေးသူများအနေနဲ့ လက်ကိုစင်ကြယ်အောင် ဆေးကြောပြီးမှ နံ့သာသွေးရမှာဖြစ်ပါတယ်။ လက်ဆေးပြီးပါကလည်း မိမိတို့ရဲ့ ပုဆိုး၊ လုံချည်များကို ကိုင်တွယ်ခြင်းမပြုရပါဘူး၊ ဘုရားကို ရည်မှန်းပြီး လှူဒါန်းထားတဲ့ နံ့သာတုံးများဖြစ်တဲ့အတွက် မိမိမျက်နှာနဲ့ ခန္ဓာကိုယ်မှာ လိမ်းခြယ်ခြင်းများ လည်းမပြုသင့်ပါဘူး၊ ဒါ့အပြင် အသက်(၁၂)နှစ်အောက်ကလေးများကို နံ့သာသွေးခြင်း ခွင့်မပြုပါဘူး၊ နံ့သာသွေးဆောင်တွင်း ဆူညံစွာစကားပြောဆိုခြင်း မပြုဖို့ကိုလည်း သတိပေးထားတာ တွေ့ရှိရပါတယ်။

---

**ဘေးရန်ကင်း၍လင်းပါစေ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသာမက ဗုဒ္ဓသာသနာထွန်းကားသောကမ္ဘာနိုင်ငံများမှာပါ နေ့စဉ် နံနက်တိုင်း မျက်နှာတော်သစ်သန့်စင်ပူဇော်သည့် ရုပ်ပွားတော်မရှိကြောင်း၊ နေ့စဉ် နံနက်တိုင်း မျက်နှာတော်သစ် သန့်စင်ပူဇော်သည့် ရုပ်ပွားတော်အဖြစ် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်ဘုရားကြီး တစ်ဆူသာရှိကြောင်း သိရှိရပါတယ်။**

---

ဘုရားရှင်အားရည်မှန်းပြီး နံ့သာတုံးလှူရသော အကျိုးတရား (၁၀)ပါးရှိကြောင်း-

"မွေးကြိုင်ပျံ့သင်း ၊ကျော်ဇောခြင်း၊ ဂုဏ်သင်းခြွေရံကာ၊
ထက်မြက်လျင်မြန်၊ ရှင်သောဉာဏ်၊ မြဲမြန် ဉာဏ်ပညာ၊
ပျံ့နှံ့ဂုဏ်ရှိ ၊နက်နဲသိ၊ သုဂတိနိဗ္ဗာန်ရွာ၊
နံ့သာလှူရ၊ ကျိုးဆယ်ဝ၊ မုချကျမ်းဂန်လာ"

ဟု မှတ်သားသိရှိရပါတယ်။ ဒါ့အပြင် နံ့သာသွေးလှူရသော အကျိုးတရားတွေအဖြစ်-



"သနပ်ခါးသွေးလှူ၊ ရုပ်ရည်ဖြူ
လှသူလည်းလှ၊ ဉာဏ်ကောင်းကြ
ခန္ဓာကိုယ်တွင်း၊ မွှေးကြိုင်သင်း၍
ကျော်ဇောထင်ရှား၊ ခြွေရံများသည်

သနပ်ခါးသွေးလှူရသော အကျိုးတည်းဟူ၍ အပါဒါန်ပါ ၃၆၉/၃၇၀ မှာ ဖော်ပြထားရှိကြောင်းကိုလည်း မှတ်သားရပါတယ်။

ဘေးရန်ကင်း၍လင်းပါစေ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သာမက ဗုဒ္ဓသာသနာထွန်းကားသော ကမ္ဘာနိုင်ငံများမှာပါ နေ့စဉ်နံနက်တိုင်းမျက်နှာတော်သစ် သန့်စင်ပူဇော်သည့် ရုပ်ပွားတော်မရှိကြောင်း၊ နေ့စဉ်နံနက်တိုင်း မျက်နှာတော်သစ် သန့်စင်ပူဇော်သည့် ရုပ်ပွားတော်အဖြစ် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် ဘုရားကြီး တစ်ဆူသာရှိကြောင်း သိရှိရပါတယ်။ မျက်မှောက်ခေတ်မှာတော့ မဟာမုနိပုံတူရုပ်ပွားတော်ကြီးများအား မဟာမုနိဘုရားကြီးသို့ ပင့်ဆောင်ပြီး ညအိပ်၊ ညနေ ရင်ငွေ့တော်ခိုလှုံကြပါတယ်။ အဲဒီနောက် မိမိတို့မြို့၊ ရွာသို့ ပြန်လည်ပင့်ဆောင် ကိုးကွယ်တဲ့အခါလပြည့်၊ လကွယ်နေ့များမှာ မျက်နှာတော်သစ် ပူဇော်မှုပြုကြတယ်လို့လည်း လေ့လာသိရှိရပါတယ်။ ထို့ကြောင့်-

သုံးလူ့ထွဋ်ထား မြတ်ဘုရား၏
ကိုယ်ပွားအပ်နှင်း ရင်ငွေ့သွင်း၍
မင်းနှင့်ပြည်သူ ကိုးကွယ်တူမျှ
ပူဇော်ကြရာ နှစ်များစွာကြာ
မန္တလာမှ မုနိမဟာ။
မုနိမဟာသို့
နီးဝေးမှလာ ဖူးကြပါသည်
မြို့ရွာနယ်စုံ ပေါင်းစုကြုံ၍
မျိုးဂုဏ်သာသနာ ထွန်းလင်းဖြာနေ

မုနိမြေတွင် ရေစင်ဖျန်းလို့လန်းကာဝေ မြန်ပြည်ကြီးလည်း ဘေးရန်ကင်း၍လင်းပါစေ…ကြောင်း ဆုမွန်ကောင်းတောင်းရင်း ဤဆောင်းပါးအား နိဂုံးချုပ်အပ်ပါတယ်။

**ကိုးကား - ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ မန္တလေးမြို့၊ မဟာမုနိရုပ်ရှင်တော်ဘုရားကြီးသမိုင်း။**




# လူငယ်ရေးရာဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မိုင်းယောင်း ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက လူငယ်ရေးရာဆိုင်ရာ အသိပညာပေး Talk Show ကို ကျင်းပခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က စာဖတ်ခြင်းက စာဖတ်သူ၏သိမှုနယ်ပယ်ကို ကျယ်ပြန့်စေသည်ဖြစ်ရာ များများဖတ်လေ ပို၍ ကျယ်ပြန့်လေဖြစ်ကြောင်း၊ ကလေးဘဝမှစ၍ စာဖတ်သည့်အကျင့်စွဲမြဲသူသည် လူငယ်ဘဝ၊ လူရွယ်ဘဝ၊ လူလတ်ဘဝ၊ လူကြီးဘဝ စသည့် သက်တမ်းတစ်လျှောက် စာပေကို အရွယ်အလိုက် ပြောင်းလဲဖတ်ရှုသွားကြကြောင်းနှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖေါင်းက လူငယ်တစ်ဦးအဖို့ ကျောင်းသင်ပညာရေး နိမ့်ကျနေသည့်အပြင် စာပေကိုလည်း မဖတ်ဟုဆိုပါက အသိပညာ၊ ဗဟုသုတ ခေါင်းပါးနိမ့်ကျခြင်းနှင့် ယင်း၏အကျိုးဆက်များကိုလည်း ခံစားကြရမည်ဖြစ်ကြောင်းနှင့် အတန်းသင်ပညာနည်းပါးစေကာမူ စာပေကို ထူးထူးခြားခြား လေ့လာဖတ်ရှုကြခြင်းဖြင့် လူတစ်လုံး သူတစ်လုံးဖြစ်ခဲ့ကြသူများ၊ ကြီးမြင့်ခဲ့ကြသူများကို အားကျအတုယူနိုင်ရန်အကြောင်းကို ဆွေးနွေးခဲ့ကြသည်။ (အပေါ်ပုံ)

အဆိုပါ Talk Show ကို Social Media Platforms များဖြစ်သည့် Facebook Page၊ YouTube၊ Tik Tok နှင့် Telegram Channel တို့တွင် လွှင့်တင်ထားကြောင်း သိရသည်။

ဝေဝေနိုင်(ပြန်/ဆက်)

# စက်မှုလယ်ယာဦးစီးဌာနတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ကျောက်ဆည် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနတွင် ကျေးလက်နေတောင်သူများ လယ်ယာသုံးစက်ကိရိယာ အစိတ်အပိုင်းများ သိရှိနားလည်ပြီး စက်ကိရိယာများ လွယ်ကူစွာတပ်ဆင်နိုင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းနိုင်ခြင်း၊ စနစ်တကျ ကိုင်တွယ်မောင်းနှင်ခြင်းလုပ်ငန်းများ ပိုမိုကျွမ်းကျင်စေခြင်း၊ ထိရောက်အောင်မြင်စွာ အသုံးချတတ်စေခြင်း၊ ပိုင်နိုင်ကျွမ်းကျင်စွာ အသုံးပြုနိုင်မည့် တောင်သူများ ဖြစ်လာနိုင်ရန်နှင့် ကျေးလက်နေတောင်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းက လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲနောင်က လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်စေရန်၊ လယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်သည့်တောင်သူများနှင့် ထပ်မံဝယ်ယူမည့်တောင်သူများ စက်ကိရိယာများ သုံးစွဲရာတွင် သိရှိသိထိုက်သည့် စက်ပိုင်းဆိုင်ရာ အခြေခံအချက်အလက်များ တတ်ကျွမ်းစေရန်အတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ဆွေဦးက သင်တန်းစည်းကမ်းချက်များနှင့် စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်းအကြောင်းများ၊ ဒုတိယဦးစီးမှူးများဖြစ်ကြသည့် ဦးဇော်ဇော်ထွန်း၊ ဦးအောင်ကျော်စိုးတို့က ထွန်စက်နှင့် ထွန်ယက်ကိရိယာထိန်းသိမ်းမှု၊ လက်တွန်းထွန်စက်၊ လယ်ယာသုံးစက်ကိရိယာများအကြောင်း၊ ထွန်စက်မောင်း (၃) ဦးရဲမင်းခိုင်နှင့် စက်မှုကျွမ်းကျင်-၄ ဦးဝင်းဇော်ဦးတို့က ထွန်စက်ကြီးနှင့် လက်တန်းထွန်စက် လက်တွေ့မောင်းနှင်မှု၊ ထွန်စက်၊ ထွန်ယက်ကိရိယာနှင့် လက်တွန်းထွန်စက်ထိန်းသိမ်းမှုအကြောင်းများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်အကြောင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားခဲ့ရာ သင်တန်းသို့ ကြက်မင်းတွန်၊ ငယ်တိုး၊ သင်တောင်း၊ အင်တိုင်း၊ မိုင်းယန်၊ မြင်စိုင်း၊ ကြောင်ပန်းကုန်း၊ ညောင်ဝန်း၊ ရွှေလေး၊ ရဲမအူ၊ ဇရပ်ဖြူ၊ ဝမ်းသောင်၊ ကျောက်ဆောက်ကုန်း၊ ပတ္တာကျေးရွာများမှ တောင်သူ ၃၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၃ ရက်မှ ၁၄ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၄၈၅)



# စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်း ကျင်းပ

**ပျော်ဘွယ် ဖေဖော်ဝါရီ ၄**

ပျော်ဘွယ်မြို့နယ်ရုံးတွင် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူ အသင်းဝင်များ၊ စာပေဝါသနာရှင်များဖြစ်သည့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ စုပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ ပြုလုပ်ခြင်းကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံး Community Centre ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက စာဖတ်ဝိုင်းကျင်းပပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး အသင်းဝင်များနှင့် စာပေဝါသနာရှင်များက စာရေးဆရာ ထက်ဝေအောင်(စစ်ကိုင်း) ရေးသားသည့် "ပန်းတိုင်းပွင့်ခွင့်ရှိပါသည်" အကြောင်းအရာကို ဖတ်ရှုကာ မိမိတို့၏ အတွေးအမြင်များကို အပြန်အလှန်ဆွေးနွေးကြသည်။ (အောက်ပုံ)

စာပေဝါသနာရှင်များက ယခုစာအုပ်တွင် စာရေးဆရာသည် အကြောင်းအမျိုးမျိုးဖြင့် ဆင်းရဲဒုက္ခတွေ့နေရသူ လူငယ်လေးတစ်ဦး၏ ကျောင်းစာကို သင်ယူလိုခြင်းကြောင့် ကြိုးစားနေမှုအခြေအနေများ၊ ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအပေါ် ဆရာ၊ ဆရာမများထားရှိသည့် မေတ္တာတရားများ၊ မိမိတို့ကိုယ်တိုင်လည်း မိဘဝတ္တရားနှင့်အညီ သား၊ သမီးများအပေါ် ပြုပြင်ထိန်းသိမ်းရမည့်နည်းလမ်းများ စသည်တို့ကို တွေ့မြင်နိုင်အောင်ရေးဖွဲ့ထားသည့် စာအုပ်ကောင်းဖြစ်ကြောင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

# စစ်ကိုင်းမြို့နယ်အတွင်း ဆောင်းနေကြာရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းရာသီစိုက်ပျိုးချိန်တွင် ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနေကြာ ၃၃၃၇ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်အတွင်းမှာ ဆောင်းရာသီစိုက်ပျိုးချိန် ဆောင်းနေကြာကို ၃၃၃၇ ဧက စိုက်ပျိုးဖို့ လျာထားရာမှာ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ စစ်ကိုင်းမြို့နယ်အတွင်းမှာ ဆောင်းနေကြာကို ဆင်းရွှေကြာ ၂ နဲ့ ရေဆင်း ၁ မျိုးများကို အများဆုံး စိုက်ပျိုးကြပါတယ်ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

စစ်ကိုင်းမြို့နယ်တွင် ယခင်နှစ် ဆောင်းရာသီစိုက်ပျိုးချိန်တွင်လည်း ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနေကြာ ၃၁၂၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးအောင်မြင်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေးနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းမှတ် တက္ကသိုလ်အဆင့် ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ကဗျာနှင့်ဆောင်းပါးပြိုင်ပွဲ မကျင်းပမီ မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) ဥက္ကဋ္ဌ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ တင်တော်က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်ကျောင်းသူ၊ ကျောင်းသားများက ဆောင်းပါးပြိုင်ပွဲတွင် စည်းလုံးညီညွတ်အောင်ပန်းဆွတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ပင်လုံသက်သေ တို့မြန်မြေ မသွေလွတ်လပ် ထိန်းသိမ်းအပ် ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ ၄င်းပြိုင်ပွဲအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(၄၅၃)



## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**ဥတ္တရသီရိ ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ရေချိုသယံဇာတများ ထိန်းသိမ်းရေး အကြောင်းအရာခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာလှိုင်က မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် အသိပညာပေးအကြောင်း သိကောင်းစရာ Video Clip ကို ပြသပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ဓာတ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

*-*-*-*-*-*-*

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်
## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား
## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့မှ (၁၅)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သဘော်သီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည် ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၁)ရက်နေ့ နံနက်(၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။



## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး၊ ၃၉လမ်းနှင့် ၆၂လမ်းထောင့်တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၅ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၆)၊ ငွေတော်ကျိကုန်းရပ်ကွက်၊ ၇၁လမ်းနှင့် မင်္ဂလာလမ်းထောင့်တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၇ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ။**

## မြစ်သားမြို့နယ်တွင် ဌာနဆိုင်ရာဝန်ထမ်းများအား စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၈၃၇၅ နှုန်းဖြင့် ရောင်းချပေး

**မြစ်သား ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြန်မာနိုင်ငံ ဆီကုန်သည် ဆီလုပ်ငန်းရှင်များအသင်းနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ မြစ်သားမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဈေးနှုန်းချိုသာစွာ စားသုံးနိုင်ရန်အတွက် မြို့နယ်ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့တို့က ကြီးကြပ်၍ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၈၃၇၅ နှုန်းဖြင့် ရှမ်းပွဲရပ်ကွက်ရှိ ဒေါ်ဇာဇာ ကုန်ဆုံဆိုင်ရှေ့တွင် ဖေဖော်ဝါရီ ၃ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ ရောင်းချပေးခဲ့သည်။



ထိုသို့ ရောင်းချရာတွင် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ မြစ်သားမြို့၊ ရှမ်းပွဲရပ်ကွက်ရှိ ဒေါ်ဇာဇာ ကုန်ဆုံဆိုင်ရှေ့တွင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ ဖြစ်ကြသောအဖွဲ့ဝင် ဒေါ်ဇာဇာ၊ ဦးအောင်ဆန်းဝင်း (အောင်ကမ္ဘာ ဆီစက်၊ကူမဲမြို့)၊ ဦးဇော်လင်းနောင်(ငွေကလပ်ဆီဆိုင်၊ကူမဲမြို့) စသည့် သုံးဦးတို့သည် တစ်ပိဿာလျှင် ငွေကျပ် ၈၃၇၅ နှုန်းဖြင့် မြစ်သားမြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား တစ်ဦးလျှင် ဆီ နှစ်ပိဿာရရှိပြီး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ၄၅ ဌာနတို့မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၁၀၃ ဦးတို့အား ဆီပိဿာချိန် ၂၂၀၆ ပိဿာအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(ဓာတ်ပုံ)

ဝင်းမင်းထွန်း(ပြန်/ဆက်)

## အခြေခံပညာအလယ်တန်းကျောင်း(တမာပင်)သို့ စာအုပ်စာစောင်များ ငှားရမ်းပေး



**နတ်မောက် ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုလေ့လာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ အသိပညာပေး သုတ၊ ရသစာပေများနှင့် အဆက်မပြတ် ထိတွေ့မှုရှိစေရန် ရည်ရွယ်၍ အခြေခံပညာအလယ်တန်းကျောင်း (တမာပင်)သို့ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ယမန်နေ့ နံနက် ၁၀ နာရီက စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးခဲ့သည်။

ထိုသို့ငှားရမ်းပေးရာတွင် နတ်မောက်မြို့ပေါ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)နှင့် အခြေခံပညာအလယ်တန်းကျောင်း(တမာပင်)တို့တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ကျောင်းသူများအတွက် စာအုပ်စာစောင်များ အလှည့်ကျ အခမဲ့ငှားရမ်းပေးလျက်ရှိပြီး ကျောင်းသား၊ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များလည်း ပြသခဲ့သည်။

နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ စာပေ အလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ရပ်ကွက်၊ ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများသို့ အရောက်သွားကာ လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း ရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄နာရီခွဲအထိ မည်သူမဆို အခမဲ့ စာအုပ်စာစောင်များ လာရောက်ငှားရမ်းဖတ်ရှုလေ့လာနိုင်ရန် မြို့နယ်ရုံးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ) မူမူစန်း



## လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစိစစ်ကောက်ယူခြင်းများ ဆောင်ရွက်

**မြစ်သား ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ် ကူမဲမြို့တွင် လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစိစစ်ကောက်ယူခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၃ရက်က ကူမဲမြို့ အမှတ်(၁)ရပ်ကွက်တွင် ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ လူဦးရေစာရင်းမှန်ကန်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြေပြင်ကွင်းဆင်းစိစစ်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုက်နယ်မှူး ဦးရဲသန့်နိုင်၊ ကူမဲမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ အမှတ်(၁)ရပ်ကွက်စာရေး ဦးညီညီဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်နှင့် မြို့မိမြို့ဖများ၊ Volunteer များဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူဆောင်ရွက်ရာတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးရရှိစေရေးနှင့် နိုင်ငံသားကတ်ကိုင်ဆောင်သူတိုင်းအတည်ပြု စာရင်းတွင် ပါရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂ မှ ၁၃ ရက်အထိဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့ထိလူဦးရေ ၈၇၃ ဦး စိစစ်စာရင်းကောက်ယူပြီးဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝါဝါမြင့် (မြစ်သား)

## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၄**

အနာဂတ်၏ လူငယ်များ ထူးချွန်ထက်မြက်၍ ဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများကို အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘ/ကကျောင်းများတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉နာရီခွဲက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း၊ ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းမူက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းက လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်စာပေခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျောင်းကြီးကြပ်ရေးမှူး ဦးဘဦး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



(အပေါ်ပုံ)

ချမ်းမြေ့

## ကြက်ခြေနီကြီးကြပ်မှုကော်မတီ တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများ ဖွံ့ဖြိုးရေးဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် ကော်မတီဝင်များသည် ဖေဖော်ဝါရီပထမပတ်မှ စတင်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရတနာပုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)၊ အစိုးရနည်းပညာကောလိပ်(မန္တလေး) ကြက်ခြေနီအသင်းခွဲများတွင် မြန်မာနိုင်ငံကြက်ခြေနီ အသင်းအဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာ လင်းလင်းသက်တို့မှ ကြက်ခြေနီ အသင်းအကြောင်း မိတ်ဆက်ခြင်း သင်တန်းပို့ချနေမှုများအား သွားရောက်ကြည့်ရှု၍ တက္ကသိုလ်ကြက်ခြေနီလူငယ်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့ပြီး တက္ကသိုလ်ကြက်ခြေနီ အသင်းခွဲများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၀၄၅)

ကျေးရွာသစ်တော ၊ ထင်းမျောအိမ်တိုင်

လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့ ။

## ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ကျောက်ဆည်)တွင် ဧက(၂၀)စိုက်ပျိုးထားသော ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်သည် ဆည်ရေသောက်စနစ်ဖြင့် စွေ့၊ မိုး၊ ဆောင်း ရာသီအလိုက် နေရာဒေသအလိုက် သီးနှံမျိုးစုံ နှစ်ပတ်လည်စိုက်ပျိုးကြကြောင်းနှင့် သီးနှံများစိုက်ပျိုးရာတွင် အောင်မြင်ရေးနှင့်ကုန်ကျမှုသက်သာစေရေး မြေဆီမြေဩဇာကောင်းမွန်သည့် ပိုက်ဆံလျှော်များ ပိုမိုစိုက်ပျိုး အသုံးပြုလာကြကြောင်းသိရပြီး ဝါသီးနှံသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(ကျောက်ဆည်)တွင် ဧက ၂၀ အကျယ် စိုက်ပျိုးထားသော ပိုက်ဆံလျှော်မျိုးစေ့စိုက်ခင်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးမည်ဆိုပါက အပင်ဖြစ်ထွန်းချိန်တွင် အေးသောရာသီဥတုနှင့်တွေ့ကာ အသီးအပွင့်အင်္ဂါများဖြစ်ထွန်း၍ အောင်မြင်သည့် အစေ့အဆန်များ ရရှိစေရန်အတွက် အောက်တိုဘာလ၌ စိုက်ပျိုးခြင်းသည် အကောင်းဆုံးအချိန်ဖြစ်ပြီး တစ်ဧကတွင် အပင်ရေ ၄၁၈၁၆ပင် ဝင်ဆံ့ရန်အတွက် မျိုးစေ့နှစ်ပြည် အသုံးပြုရပြီး ပင်ကြား၊ တန်းကြားအနေဖြင့် (၂ ဒသမ ၅ × ၁)ပေ စိုက်ပျိုးကြောင်း၊ အပင်သက်တမ်း (၁၀) သားအရွယ်အရောက်တွင် စိုက်ကျင်းတစ်ကျင်း၌ သန်မာသည့် အပင်(၂)ချန်၍ သားခွဲရကြောင်း၊ အပင်ငယ်ချိန်တွင် ကြားထွန်ဝင်ခြင်း၊ ပေါင်းရှင်းခြင်းနှင့် အပွင့်ဝင်ချိန်တွင် ပိုးသတ်ဆေးများ ဖျန်းပေးရပြီး အဖိုပင်များ တွေ့ရှိပါက နုတ်ပစ်ရသည်။

ရိတ်သိမ်းခြင်းအနေဖြင့် အပင်သက်တမ်း(၅)လတွင် သီးတောင့်များ ဖောင်းတင်းလာပြီး အသီးကိုင်းအား လှုပ်ရမ်းကြည့်ပါက အသံမြည်လာချိန်တွင် ရိတ်သိမ်းပါက အကောင်းဆုံးအချိန်ဖြစ်ပြီး မျိုးစေ့များကို နွားဖြင့်နင်းချေကာ ပြာလှေ့ခြင်း၊ ခြွေလှေ့စက်ဖြင့် ခြွေလှေ့ခြင်းတို့ဖြင့် ပြုလုပ်၍ ရရှိလာသော မျိုးစေ့များကို အခြားသီးနှံမျိုးစေ့များကဲ့သို့ သိုလှောင်ထား၍ရကြောင်း သိရသည်။



(ဝဲပုံ)

(၄၈၅)

## အခြေခံပညာအလယ်တန်းအဆင့် (GRADE-5) နှင့် အခြေခံပညာအထက်တန်းအဆင့် (GRADE-9) စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် အခြေခံပညာအလယ်တန်းအဆင့် (GRADE-5)နှင့် အခြေခံပညာအထက်တန်းအဆင့် (GRADE-9) စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက်၉နာရီခွဲက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ပညာ့ဂုဏ်ရောင်ခန်းမဆောင်ရုံတွင် ပြုလုပ်သည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စာမေးပွဲမကျင်းပမီ ဆောင်ရွက်ရန်လုပ်ငန်းများ၊ စာမေးပွဲကျင်းပနေစဉ် ဆောင်ရွက်ရန်လုပ်ငန်းများနှင့် စာမေးပွဲကျင်းပပြီးနောက် ဆောင်ရွက်ရန်လုပ်ငန်းများဟူ၍ အပိုင်း(၃)ပိုင်းခွဲ ဆွေးနွေးခဲ့ကြပြီး၊ စာမေးပွဲမကျင်းပမီ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည့် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ မေးခွန်းလုပ်ငန်းအဖွဲ့ အဖွဲ့စည်းခြင်းနှင့် စာမေးပွဲလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို ညောင်ဦးခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထွန်းဦးက ရှင်းလင်းဆွေးနွေးပြီး၊ စာမေးပွဲကျင်းပနေစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်သည့်အချက်များကို မြို့နယ်ပညာရေးမှူး ဦးသိန်းဒန်ကလည်းကောင်း၊ စာမေးပွဲကျင်းပပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးတင်မောင်ဝင်းကလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ဆရာ၊ ဆရာမများမှ မေးမြန်းသည်များကို အခန်းအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ညောင်ဦးခရိုင် ပညာရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် ဒုတိယ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ စုစုပေါင်း(၆၉)ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဇဲပုံ)
(၄၅၆)

## (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆိုသောအားဖြင့် လယ်သီးထပ်နေကြာစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျွန်းလှ၌ ကျင်းပ

**ကျွန်းလှ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင်(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လယ်သီးထပ်နေကြာစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၃ရက် နံနက် ၇နာရီက တပ်ကုန်းကျေးရွာ၊ ကွင်းအမှတ် ၄၉၅ တောင်သူ ဦးမင်းနိုင်၏ လယ်မြေ ၅ ဧက၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက နေကြာသီးနှံကို သီးထပ်၊ သီးညှပ်ပုံစံအမျိုးမျိုးဖြင့် ချောင်းရေ၊ မြေအောက်ရေတင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီးအထွက်ကောင်းမျိုး ရွေးချယ်ပြီး ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက် စိုက်ခင်းမျက်နှာပြင်ညီညာအောင် ဆောင်ရွက်၍ တစ်ဧကသတ်မှတ်အပင်ရေ ၂၉၀၀၀ ဝင်ဆန့်ရန် တန်းကြား ၂ ပေ၊ ပင်ကြား ၉ လက်မ၊ တစ်ကျင်း မျိုးစေ့နှစ်စေ့စိုက်ပျိုးရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးနှင့်ဝန်ထမ်းများက နေကြာစိုက်ပျိုးခြင်း လက်တွေ့ပြသကြပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။



ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံအမျိုးမျိုးကို ရာသီမရွေး စိုက်ပျိုးကြကြောင်း၊ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန် ၁၂၃၆ ဧက လျာထားပြီး လက်ရှိအချိန်ထိ ၁၂၂၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**
(၄၈၀)




## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်သင်တန်းဆင်းပွဲ ကျင်းပ

**တပ်ကုန်း ဖေဖော်ဝါရီ ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်သင်ကြားပေးသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီခွဲက လက်ပန်ကုန်းကျေးရွာ၊ ဒေါ်အုံးမြိုင် အိမ်ခြံဝင်းယာယီ မဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက ရာဂီမုန်တိုင်းအရှိန်ကြောင့် မိသားစုဝင်ငွေများထိခိုက်ခံခဲ့ရသော ကျေးရွာများကို ဦးစားပေးအစီအစဉ်ဖြင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာရပ်များ သင်ကြားပေးလျက်ရှိရာ ယခုသင်တန်းမှသင်ကြားပို့ချသည့် ပညာရပ်များအားတတ်ကျွမ်းအောင်သင်ယူကြပြီးသင်တန်းကာလ ပြီးစီးပြီးနောက်ပိုင်းမှာ မိမိပတ်ဝန်းကျင် အိမ်ထောင်စုများကိုလည်း လက်ဆင့်ကမ်းသင်ကြားပေးရန်နှင့် မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိအောင်ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားခဲ့ပြီးနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက ဌာနအနေဖြင့် အသက်မွေးဝမ်းကျောင်း သင်ထောက်ကူပြုသင်တန်းများ သင်ကြားပေးအခြေအနေများ ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းတွင်ထူးချွန်ခဲ့သည့် သင်တန်းသူများအား တာဝန်ရှိသူများက ဆုများနှင့်သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

သင်တန်းသို့ ရောက်ကုန်းကျေးရွာ၊ မကျီးကုန်းကျေးရွာနှင့် လက်ပန်ကုန်းကျေးရွာများမှ သင်တန်းသူ ၁၅ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် ဈေးကွက်ဝင် ထုတ်ကုန်ပစ္စည်းအဖြစ် ရောင်းချနိုင်အောင် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လာလည်ပါလေမန္တလာမြေ

* တစ်ထောင်နှစ်ရာ နှစ်ဆယ့်တစ် မယ်ပ
ကုန်းဘောင်ခေတ် တည်မြို့တော်
ရတနာပုံခေါ် ။

* မင်းတုန်းမင်းမှ တည်ဆောက်ဖော်
နာမည်ကျော် ရွှေမြို့နန်း ။
သာသနာ ရောင်ဝါအဆင်း ရယ်နဲ့
ထိန်လင်းဂုဏ်လျှမ်း ။

* တွေးဆလို့ မြင်ကြည့်မှန်း ပါကွယ့်
စိမ်းစိုလန်း သာသာယာ
မြို့မန္တလာ ။

* သန့်ရှင်းခြင်းနဲ့ အေးချမ်းသာ
ခေတ်မီကာ သေသပ်အလှ ။
ကျုံးရေပြင် ပတ်ကာဝိုင်းပါတဲ့
ခြံသိုင်းမြို့ပြ ။

* မန်းတောင်ပေါ် လည်ပတ်ကြလို့
ဆုတောင်းရ ဘုရားတွေ
ဖူးမြော်ပန်ခွေ ။

* မြစ်ရောက အနောက်မှလေ
ရစ်ကာခွေ စီးဆင်းပြု ။

* အရှေ့အရပ်မယ် ရှမ်းတောင်တန်း ရယ်က
လွှမ်းခြုံအလှစု ။

* တောင်အရပ်မယ် ကြည့်မြင်ရှု ပါကွယ့်
အင်းရေထု စမ်းလိုကြည်
တောင်သမန်တည် ။

* မြောက်အရပ်ကွယ့် ရှုမြော်မည်
ရွှေဝါရည် စပါးခင်းများ ။

* အမျိုးဂုဏ်ဆောင် မန်းရွှေနန်းကိုပ
(လည်ပတ်ကာ အရိပ်ခိုရအောင်)
လှမ်းခဲ့ပါလား ။

**သူ့ထက်ဆန်း(မန္တလေး)**

## သတင်းပဒေသာ

### မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့တွင် မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို မီးသတ်ဦးစီးဌာနက ယမန်နေ့ နံနက် ၉ နာရီခွဲကပြုလုပ်ရာ မီးသတ်ဦးစီးအရာရှိ ဦးမျိုးသိန်း ဦးဆောင်သော ပူးပေါင်းအဖွဲ့က မြတ်မေတ္တာမွန်စက်သုံးဆီအရောင်းဆိုင်၊ ပန်းသီးစက်သုံးဆီအရောင်းဆိုင်နှင့် ကြယ်စင်ဟိန်းစက်သုံးဆီအရောင်းဆိုင်တို့အား မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကွင်းဆင်း၍ စစ်ဆေးခဲ့သည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာတွင် စက်သုံးဆီအရောင်းဆိုင်များအား မီးတားလမ်းများ ဖောက်လုပ်ထားရှိမှု၊ မီးသတ်ဆေးဘူးများထားရှိမှု၊ မီးဘေးအန္တရာယ်ကာကွယ်ထားရှိမှု၊ မီးသတ်ရေကန်ထားရှိမှု၊ ဆီမီးငြိမ်း Foam ဆေးရည်ထားရှိမှု စသည့်အချက်များအား ကွင်းဆင်း၍စစ်ဆေးခဲ့ပြီး အပူချိန်မြင့်မားချိန်တွင် ဆီဖြည့်ခြင်းအား အမိုးအကာအောက်၌ ပြုလုပ်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်တွင် မွေးစမှအသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသခန်းမဆောင်၌ ဆောင်ရွက်ပေးခဲ့သည်။

ဟုမ္မလင်းမြို့နယ်အတွင်းရှိမွေးစမှ အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး ရောဂါဘယကင်းဝေးစေရန်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးပေးကြသည်။ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများစဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အသိပညာပေးနယ်လှည့်ဟောပြောပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ယနေ့နံနက်ပိုင်းက စာသင်ကျောင်းများရှိကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးနယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ကွင်းဆင်းဆောင်ရွက်ရာ ပြန်/ဆက်ဦးစီးအရာရှိဒေါ်ဝင်းဝင်းခိုင်က ကျောင်းသား၊ကျောင်းသူများကို နယ်လှည့်ကွင်းဆင်းဆောင်ရွက်ပေးခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြီးနောက် 'ကလေးတို့၏အနာဂတ်' နှင့် 'ကလေးအလုပ်သမားပပျောက်ရေး' ခေါင်းစဉ်ဖြင့်ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လားဟူရိုးရာစုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့တွင် လားဟူရိုးရာစုပေါင်းနှစ်သစ်ကူးပွဲတော်နှင့် လက်ဆောမင်္ဂလာဂါရဝပြုကန်တော့ခြင်းများကို နှစ်စဉ် တပို့တွဲလဆန်း ၁ ရက်မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မိုင်းနောင်မြို့အတွင်းရှိ ကျေးရွာများတွင်နေထိုင်ကြသော လားဟူတိုင်းရင်းသားများက မိမိတို့၏ရိုးရာအစဉ်အလာများ မပျောက်ပျက်စေရေးအတွက် နှစ်စဉ် လားဟူရိုးရာနှစ်သစ်ကူးပွဲတော်နှင့် လက်ဆောမင်္ဂလာဂါရဝပြုကန်တော့ခြင်းများကို လားဟူတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ကြီးမှူး၍ လားဟူတိုင်းရင်းသားများစုပေါင်းကာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖများအား ဖိတ်ကြား၍ လက်ဆောမင်္ဂလာဂါရဝပြုခြင်း၊ ရိုးရာလက်ဆောင်များ ပေးအပ်ခြင်း၊ လားဟူရိုးရာအကများဖြင့် ဖျော်ဖြေခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆုတောင်းပြည့်စေတီတော်လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အလှူငွေများ လှူဒါန်းနိုင်



**မုံရွာ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဆုတောင်းပြည့်စေတီတော်ကြီးကို ငွေကျပ်သိန်း ၁၉၅၀၀ အကုန်အကျခံ၍ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်ဖြစ်ရာ အလှူငွေများ လှူဒါန်းနိုင်သည်။

ဆုတောင်းပြည့်စေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၃၀ရက် နံနက်ပိုင်းက ဆုတောင်းပြည့်ဘုရားဘောဂရုံသိမ္မာရုံ တွင် ကျင်းပရာ အလှူရှင်များက ငွေကျပ်သိန်း ၃၀၀၀ ကျော် လှူဒါန်းခဲ့ကြသည်။

ပထမအကြိမ်အလှူငွေပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ငွေကျပ် သိန်း ၅၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်မိသားစုက ငွေကျပ် ၁၀သိန်းနှင့် တိုင်းဒေသကြီးဝန်ကြီး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများစသည့် အလှူရှင်၊ စေတနာရှင်များက ငွေကျပ် သိန်း ၃၀၀၀ ကျော်လှူဒါန်းကြခြင်း ဖြစ်သည်။

အလှူငွေပေးအပ်ပွဲသို့ ဆုတောင်းပြည့်ဘုရား ဩဝါဒါစရိယဆရာတော်ကြီး ၁၁ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(အပေါ်ခဲပုံ)
(၃၉၄)

## (၇၄)ကြိမ်မြောက် သာသနာလင်္ကာရသာမဏေကျော်စာအောင်ဆုပဒေသာပင်အတွက် ငွေများလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ပရိယတ္တိသာသနဟိတအသင်း(မန္တလေး)မှ ကြီးမှူး၍ (၇၄)ကြိမ်မြောက်၊ သာသနာလင်္ကာရသာမဏေကျော်စာလျှောက်မေးခန်းနှုတ်ထောက် (အာဂုံ) ပြန်ဆိုပွဲနှင့် ရေးဖြေစာမေးပွဲများကို ဒီဇင်ဘာနှင့် ဇန်နဝါရီလအတွင်းက အဆိုပါအသင်းတိုက်ခန်းမဆောင်တွင် ကျင်းပခဲ့ရာ သာမဏေကျော် ရေးဖြေစာမေးပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းမှ သာသနာ့အာဇာနည်အပါး ၃၅၇၀ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။ (အပေါ်ယာပုံ)

(၇၄)ကြိမ်မြောက်သာသနာလင်္ကာရသာမဏေကျော်စာလျှောက်မေးခန်းတွင် ပထမဆင့်အောင်သာမဏေကျော် ၇၇၇ ပါး၊ ဒုတိယဆင့်အောင်သာမဏေကျော် ၃၂၈ ပါး၊ တတိယဆင့်အောင်သာမဏေကျော် ၁၀၀ ပါးတို့ အောင်မြင်ခဲ့သည်။

ပရိယတ္တိသာသနဟိတအသင်း(မန္တလေး) (၇၄)ကြိမ်မြောက်သာသနလင်္ကာရသမဏေကျော်စာအောင် ဆုနှင်းသဘင်ကို တပို့တွဲလဆန်း ၈ ရက်၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် ဗုဒ္ဓဟူးနေ့တွင် စာအောင်ဆုနှင်းသဘင် ကျင်းပမည်ဖြစ်ပြီး စာအောင်ဆု ပဒေသာပင်အတွက် ငွေလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့ရာ ရန်ကုန်မြို့နေ မိခင်ကြီး ဒေါ်ခင်စိန်အားရည်စူး၍ ဦးဝင်းမော်+ဒေါ်ခင်လေး(သား) ဒေါက်တာဟိန်းထက်အေး(သမီး)ဒေါက်တာခင်လင်းမော် Forever Group မိသားစုက ငွေကျပ် ၄၅ သိန်းကို လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ဇောတိကုန်းရပ်နေ ဆရာလေး ဒေါ်ထေရီနှင့် ဒေါ်ခင်မျိုးနွယ်၊ ဒေါ်ခင်ဝင်းအေးတို့က ငွေကျပ်သိန်း ၅၀ တို့ လှူဒါန်းရာ ပရိယယတ္တိသာသနဟိတအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အတွင်းရေးမှူး ဦးစိုးလွင်တို့က အလှူငွေများလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၄၅)



## ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်၌ (၄၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်

**မင်းဘူး ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ရှိ ရှင်ပင် စက္ကိန်းတဲစေတီတော်မြတ်၏ (၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီလတွင် အမှတ်(၁)ရပ်ကွက်ရှိ ရှင်ပင်စက္ကိန်းတဲဘုရားရင်ပြင်တော်၌ ကျင်းပလုပ်သွားမှာဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။



မင်းဘူးမြို့ရှင်ပင်စက္ကိန်းတဲစေတီတော်မြတ်၏ (၄၇)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲနှင့် တရားပွဲများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမှာဖြစ်ရာ ဘုရားပွဲအကြိုမွေ့ပူဇာသဘင် ညတရားပွဲများ၊ မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ဖြင့်ကျင်းပသွားမည်ဖြစ်သည်။ ယခင်နှစ်များက တရားပွဲ၊ ပဋ္ဌာန်းမြတ်ပူဇော်ပွဲများအပြင် တေးဂီတ ဖျော်ဖြေပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ အားကစားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သော်လည်းယခုနှစ်တွင် ညတရားပွဲ၊ ပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများသာ ကျင်းပသွားမည်ဖြစ်ကြောင်း ရှင်ပင်စက္ကိန်းတဲဘုရားဘဏ္ဍာထိန်း ဂေါပကဥက္ကဋ္ဌဦးကျော်သိန်းက ပြောပြ၍ သိရသည်။

(ခဲပုံ)
(၅၀၄)

*-*-*-*-*

*-*-*-*-*-*

# အဘိုးတို့စကားဝိုင်း တိုင်းတုန်လို့အာကာလွှမ်း(၂)

အဘိုးတို့၏ စကားဝိုင်းဖွဲ့ရာ သုမ္မောဇရပ်ထဲသို့ ရောက်ခဲ့၏။ အဘိုးတို့သည်လည်း စုံစုံညီညီ ရောက်နေကြပြီဖြစ်၏။ အဘိုးတို့၏ စကားသံများကို ကြားလိုသူများလည်း ရောက်နေကြ၏။ အဘိုးတို့သည် ခေတ်လည်းမီကြ၏။ ခေတ်ဟောင်းတို့ကိုလည်း ပြန်ပြောင်းမှတ်မိနေကြ၏။ အနာဂတ်တို့ကိုလည်း မျှော်မှန်းကောက်ယူနိုင်ကြ၏။ ဉာဏ်ရည်ဉာဏ်သွေးတို့ကလည်း ထက်မြက်ကြ၏။ ပီသကြည်မြသော စကားတို့လည်း ရှိကြ၏။ အဘိုးအိုတစ်ဦးက စကားတစ်ခွန်း စတင်လိုက်၏။

"လွန်ခဲ့တဲ့ ဥပုသ်နေ့တုန်းက ကိုကြီးစိန်မြ ပြောသွားတဲ့ မင်းတုန်းမင်းတရားကြီးရဲ့ ပဋ္ဌမ သင်္ဂါယနာတင်ထားတဲ့ ကျောက်စာတွေအကြောင်း ပြန်ပြောချင်တယ်ဗျာ"

"ပြောစမ်းပါ ကိုကြီးအယ်ဘောရာ" "ဒီလိုလေ ကိုကြီးစိန်မြရဲ့ မင်းတုန်းမင်းကြီးရဲ့ သင်္ဂါယနာတင် ကျောက်စာတွေဟာ အလျား ငါးပေ၊ အနံ သုံးပေခွဲ၊ ထုအထူက ငါးလက်မ၊ ခြောက်လက်မခန့် ရှိတယ်လို့ ပြောခဲ့တယ်လေ။ အလျားနဲ့ အနံကိုတော့ ဘာမှမပြောလိုပါဘူး။ ငါးလက်မ၊ ခြောက်လက်မ ထုရှိတဲ့ ကျောက်စာချပ်တွေကို ထပ်လိုက်ရင် အထပ် ၂၀လောက်ရှိတဲ့ တိုက်ကြီးလောက် မြင့်တဲ့စာအုပ်ထူကြီး ဖြစ်သွားမယ်လို့ ပြောတာကတော့ နည်းနည်းလိုနေတယ်ထင်တယ်။ ခြောက်လက်မထုရှိတဲ့ ကျောက်စာတွေကို ထပ်လိုက်ပြီဆိုပါတော့ ကျောက်စာချပ်ရေက ၇၃၀ ရှိတယ်။ ဒီတော့ ပေပေါင်း ၃၆၅ ပေ မြင့်သွားမယ်။ တိုက်တစ်တိုက်ရဲ့ တစ်ထပ် အမြင့် ၁၀ ပေနဲ့ တွက်လိုက်မယ်ဆိုရင် အထပ်ပေါင်း ၃၆ ထပ် ဖြစ်မသွားဘူးလားဗျာ။ ဒါကြောင့် ကိုကြီးစိန်မြပြောတဲ့ အထပ် ၂၀ လောက်ဆိုတာကို ပြင်ပြီး အထပ်ပေါင်း ၃၆ ထပ်လောက်မြင့်တဲ့ စာအုပ်ထူကြီး ဖြစ်သွားမယ်လို့ ပြောရင် ပိုပြီးသင့်တော်မယ်ထင်တယ် ကိုကြီးစိန်မြရေ"

"ကိုကြီး ကိုရင်အယ်ဘောပြောတာ သင့်တယ်ဗျာ။ ကမ္ဘာပေါ်မှာ အထူဆုံး၊ အကြီးဆုံး စာအုပ်ကြီးပဲပေါ့။ ဒီစာအုပ်ကြီးရဲ့ သက်တမ်းဟာ အခုဆိုရင် ၁၅၇ နှစ်ရှိသွားပြီပေါ့။ ဒီကျောက်စာတွေကို သက္ကရာဇ် ၁၂၂၂ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်မှာစပြီး ထုတယ်။ သက္ကရာဇ် ၁၂၃၀ ပြည့်၊ ကဆုန်လဆန်း ၁၄ ရက်မှာ အားလုံးပြီးစီးတယ်။ နှစ်ပေါင်း ခုနစ်နှစ် ခြောက်လနဲ့ ၁၄ ရက်ကြာသွားတာပေါ့"။ "နေပါဦး ကိုကြီးချမ်းအေးရဲ့ မင်းတုန်းမင်းတရားကြီးလက်ထက်မှာ သူပုန်သူကန်တွေ ထခဲ့ဖူးတယ်ဆိုပဲ နည်းနည်းလောက် ရှင်းပြစမ်းပါဗျာ"

"ဟုတ်တယ်လေ ကိုကြီးစိန်နိုရဲ့ မင်းတုန်းမင်းတရားကြီးမင်းဖြစ်ပြီး ၁၄ နှစ်အကြာ သက္ကရာဇ် ၁၂၂၈ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ သူပုန်မှုကြီးပေါ့။ မြင်ကွန်းဆိုတဲ့ မင်းသားနဲ့ တူတော်မောင် ပတိမ်းမင်းသားတို့ဟာ လူစုလူဝေးနဲ့ မင်းတုန်းမင်းကြီးကို သတ်ပြီး ထီးနန်းလုယူဖို့ ကြိုးစားကြတယ်။ အဲ့ဒီ လုယူပွဲမှာ ကနောင်မင်းသားကြီးနဲ့ မင်းညီမင်းသားတော်တော်များများတို့ အသတ်ခံလိုက်ကြရတယ်။ ဒီလူသတ်ပွဲမှာ ထူးခြားတာ တစ်ခုရှိတယ်။ သားတော် မြင်ကွန်းမင်းသားက မင်းတုန်းမင်းကြီး ထွက်ပြေးလာမယ်လို့ ထင်မယ့်အပေါက်မှာ 'ငပိုက်ကြီး' ဆိုသူကို ဓားကိုင်ပြီး အစောင့်ခိုင်းထားတယ်။ သားတော် မြင်ကွန်းမင်းသား ထင်တဲ့အတိုင်းပဲ မင်းတုန်းမင်းကြီးကလည်း ငပိုက်ကြီးစောင့်နေတဲ့ အပေါက်ကို ထွက်ပြေးမိတယ်။ ငပိုက်ကြီးကလည်း ခပ်ဝေးဝေးက ပြေးလာတဲ့ မင်းတုန်းမင်းကြီးကို မြင်ရတယ်။ သူ့အနီးရောက်တာနဲ့ မင်းတုန်းမင်းကြီးကို ခုတ်သတ်မယ်လို့ ဓားကိုကျစ်ကျစ်ပါအောင် ကိုင်ထားတယ်။ မင်းတုန်းမင်းကြီးဟာ ငပိုက်ကြီးနဲ့ ဝါးတစ်ရိုက်ခန့်အကွာလောက်ရောက်တာနဲ့ 'ဟဲ့ နင်ငပိုက်လား' လို့ လှမ်းခေါ်နှုတ်ဆက်လိုက်တယ်။ ဒီအခါ ငပိုက်ကြီးဟာ ဓားကိုပစ်လွှတ်ချလိုက်ပြီး "ကျွန်တော်မျိုး အချီတော်ဆက်ပြီး လွတ်ရာ ပို့ပါရစေပါဘုရား"လို့ ပြောပြီး မင်းတုန်းမင်းတရားကြီးကို သူ့ကျောပေါ်ပိုးပြီး ဘေးလွတ်ရာကို ပို့ဆောင်ပေးခဲ့တယ်"။

"အင်း ဒါဟာလည်း မင်းတို့ရဲ့ စွမ်းဆောင်ရည် တစ်မျိုးပဲလို့ ပြောရမှာပေါ့ ကိုကြီးပိန်ရာ မင်းတုန်းမင်းတရားကြီးဟာ ပြည်သူက ကြည်ဖြူအောင် စွမ်းဆောင်ခဲ့လို့ အခုလို သေဘေးက လွတ်ခဲ့ရတာလို့တောင် ပြောမယ်ဆို ပြောလို့ရပါတယ်။ အဲ့ဒီ သူပုန်အရေးအခင်းကို ငြိမ်းအေးအောင် ဆောင်ရွက်နိုင်ခဲ့တာကလည်း မင်းတုန်းမင်းတရားကြီးရဲ့ နှလုံးရည်စွမ်းဆောင်မှုလို့ပဲ ပြောရမှာပဲပေါ့"

"နေပါဦး ကိုရင်ချမ်းအေးရဲ့ အဲဒီသူပုန်မှုကြီးပြီးတော့ မင်းတုန်းမင်းတရားကြီးက အဘာယဒါန မြောက်တဲ့ ကြေညာချက်တစ်ခု ထုတ်ခဲ့တယ်လေ။ အဲဒီ ကြေညာချက်ကို တို့ဆရာဘုန်းကြီးဦးဒါယိတ်က အာဂုံဆောင်ထားလို့ ပြောခဲ့ဖူးတယ် မဟုတ်လား ကိုရင်စိန်မြရေ အာဂုံဆောင်ထားတာလေး ရွတ်ပြစမ်းပါဗျာ" "ရွတ်ပြချင်တာနဲ့ အတော်ပဲ ကိုကြီး ကြွက်ချေးရေ နားထောင်ကြဗျာ"

"၁၂၂၈ ခုနှစ် သားတော်မြင်ကွန်းသား၊ တူတော် ပတိမ်းသားတို့ ခြားနားရိုင်းပြစဉ်အခါ နှစ်ကြောင်းနှစ်ပ ပုန်ကန်ခြားနားရာ ပါဝင်သူအပေါင်းတို့ကို အရေးတော်ပြီးပြေကာလ ကျွန်တော်မျိုး ပြည်သူပြည်သားအပေါင်းတို့သည် ငါ၏ကျေးဇူးတော်ကို ချေပလိုခြင်းအားဖြင့် ပါဝင်ကြသည်မဟုတ်၊ ရတ်ခြည်းရှောင်တခင် အထင်မှားယွင်းသဖြင့် ပါမိပါရာ ပါဝင်ကြခြင်းမျှသာဖြစ်သောကြောင့် သူပုန်ဘက်ပါသူ၊ ကြံစည်ပေါင်းသင်းခြားနားခုခံရပါသူ ဟူ၍ စွဲမှတ်ခေါ်ဝေါ်ခြင်းမရှိစေရ။ ကျွန်တော်မျိုးချည်း ဖြစ်ကြသည့်အတိုင်း ပါဝင်မိသူတို့၏ စိတ်နှလုံး၌ နှောင့်နှေးကြောင့်ကြမဲ့ ပြေချမ်းသာစွာ နေထိုင်ကြစေ"တဲ့။

"နေပါဦး ကိုရင်စိန်မြရဲ့ မင်းတုန်းမင်းတရားကြီးရဲ့ ပြည်သူက ကြည်ဖြူအောင် နှလုံးသားဖြူစင်တဲ့ စကားတစ်ခွန်းကိုလည်း အမြဲတမ်း မှတ်ထားကြနော်လို့ တို့ဆရာဘုန်းကြီး ဦးဒါယိတ်က ပြောခဲ့တာမေ့သွားပြီလား"

"ဘယ်မေ့မလဲ ကိုရင်အယ်ဘောရာ"

"ငါမကောင်းလျှင် ငါ့ကိုရေး။ ငါ့မိဖုရား မကောင်းလျှင် မိဖုရားကိုရေး။ ငါ့သားသမီး မကောင်းလျှင် သားသမီးကိုရေး။ လွှတ်တရားသူကြီး မကောင်းလျှင် တရားသူကြီးကိုရေး။ မြို့ဝန် မကောင်းလျှင် မြို့ဝန်ကိုရေး။ မင်းတို့သတင်းစာ၌ အပြစ်မရှိစေရ။ နန်းတော်တွင်းသို့ သတင်းစာတိုက်က မည်သူမဆို အဆီးအတားမရှိ ဝင်ထွက်စေ"တဲ့။ ဒါဟာ မင်းတုန်းမင်းတရားကြီးရဲ့ နှလုံးလှ ဘဝ လက်ဆောင်လို့ ထင်တယ်"။

"နှလုံးသားဖြူစင်တဲ့ ဘဝရှင်မင်းတုန်းမင်းတရားကြီးဟာ နန်းသက် ၂၅ နှစ် နန်းစံခဲ့တယ်။ သက္ကရာဇ် ၁၂၁၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်မှာ နန်းတက်ပြီး ကောဇာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်မှာ နတ်ရွာစံ ကံတော်ကုန်ခဲ့ပါတယ်"။

"ကုန်းဘောင်မင်းဆက်ရဲ့ ၁၁ ဆက်မြောက်မင်းကတော့ ငယ်နာမည် မောင်ရေစက်ဖြစ်ပြီး မင်းနာမည် သီပေါမင်းဆိုတာ ကိုကြီးဖိုးကျူးတို့ သိပြီးသားပဲနော်။ သီပေါမင်းဟာ ကောဇာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆ရက်မှာပင် ထီးနန်းကို သိမ်းပိုက်ခဲ့ပါတယ်။ သက္ကရာဇ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် ရောက်တဲ့အခါမှာတော့ နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရတယ်။ သီပေါမင်းနဲ့အတူ မိဖုရား၊ သားတော်၊ သမီးတော်တို့လည်း တစ်ပါတည်း ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ကြရတယ်။ ခေါင်းဆောင်ဖမ်းဆီးသူက စစ်ဘုရင် ပရန်ဒါဂပ်နဲ့ ကာနယ်စလေဒင်တို့ ဖြစ်ကြတယ်။ ပြောရမယ်ဆိုရင်တော့ မန္တလေးတစ်မြို့လုံးနဲ့ မြန်မာတစ်နိုင်ငံလုံးကို နယ်ချဲ့ဗြိတိသျှတို့က သူတို့ဖဝါးအောက် အရောက်ပို့ခဲ့တဲ့နေ့ကလည်း ဒီနေ့ပဲပေါ့။ မြန်မာတစ်နိုင်ငံလုံး ကျွန်တွင်းနစ်ခဲ့ရတဲ့နေ့လို့လည်း ပြောလို့ရတယ်ပေါ့ ကိုကြီးချမ်းအေးရာ"

"တို့များရဲ့ အရှင်သခင်သီပေါမင်းကို ဖမ်းယူခေါ်ဆောင်သွားတဲ့ မြင်ကွင်းဟာ ရင်တွင်းမှာ ဖြေသိမ့်လို့မရတဲ့ မြင်ကွင်းလို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကတောင် ပြောခဲ့ဖူးသေးတယ်ဆိုပဲ ကိုကြီးစိန်နိုရဲ့။ သီပေါမင်းကို အိန္ဒိယနိုင်ငံ၊ မဒရပ်မြို့မှာထားတယ်။ ပြီးတော့ ရတနာဂီရိမှာထားတယ်။ သက္ကရာဇ် ၁၂၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် သက်တော် ၅၉ နှစ်အရွယ် ရတနာဂီရိစံအိမ်တော်မှာ နတ်ရွာစံကံတော်ကုန်ပြီး အဲ့မြို့မှာပဲ အလောင်းတော်ကို သင်္ဂြိုဟ်ခဲ့တယ်"။

အဘိုးတို့၏ စကားသံသည် ငြိမ်သက်သွား၏။ တစ်စုံတစ်ယောက်ကမျှ မဆက်တော့ချေ။ တစ်ဦးမျက်နှာ တစ်ဦးကြည့်ရင်းက အိမ်ဂေဟာသို့ ပြန်ကြရန် ပြင်ဆင်လိုက်ကြ၏။

**မောင်လောက**

## ကျောင်းသား၊ ကျောင်းသူ ၄၀၅၄ ဦးအား ကျောင်းတွင်းအာဟာရကျွေး

**သာစည် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်ဖြင့် KG ကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့က အမှတ်(၄)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

အဆိုပါကျောင်း၌ အာဟာရကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝတ်မှုံအောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဆရာ၊ ဆရာမများက စနစ်တကျကျွေးခဲ့ကြပြီး ကျောင်းသားများအားလုံး ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝစေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သောအမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရန်အတွက် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရန်၊ မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံများ မြှင့်တင်ရန်ရည်ရွယ်၍ ကျောင်းတွင်း အာဟာရကျွေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ အဏုအာဟာရမှုန့်ဖြည့်စွက်တိုက်ကျွေးခြင်း၊ အာဟာရအကြောင်းအသိပညာပေးခြင်း၊ အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်း၊ ကျောင်းမုန့်ဈေးတန်းများစစ်ဆေးခြင်း၊ စနစ်တကျလက်ဆေးခြင်းနှင့် နေ့လယ်စာစားပြီး သွားတိုက်ခြင်းများကို အသိပညာပေးခဲ့သည်။

သာစည်မြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၂၁၂ ကျောင်းရှိပြီး အဆိုပါကျောင်းများမှ KG ကျောင်းသား၊ ကျောင်းသူပေါင်း ၄၀၅၄ ဦးကို တစ်ပြိုင်တည်း အာဟာရကျွေးခဲ့ကြောင်း သိရသည်။

(၄၈၇)

## တစ်ချက်တည်းကျင်းဝင်

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီက ဦးမင်းထက်ဟိန်းသည် ကျင်းအမှတ်(၁၄)တွင် အကွာအဝေး ၁၅၂ ကိုက်၌ ဂေါက်တံအမျိုးအစား Taylormade IRON-7၊ ဂေါက်သီးအမျိုးအစား Titleist - 4ဖြင့် ဂေါက်ရိုက်ကစားရာ တစ်ချက်တည်း ကျင်းဝင်ခဲ့သည်။ တစ်ချက်တည်းကျင်းဝင်ရာတွင် အတူကစားဖော်များအဖြစ် ဦးကျားကျား၊ ဦးစိုင်းဆိုင်မိန်း၊ ဦးကျော်စိန်လှိုင်၊ ဦးကျုံးရှင်တို့ဖြင့် ကစားခဲ့သည်။ တစ်ချက်တည်း ကျင်းဝင်ခဲ့သော ဦးမင်းထက်ဟိန်းအား SWEETY HOME ကုမ္ပဏီမှ ဆုငွေကျပ် နှစ်သိန်းတန် ကူပွန်၊ Myanmar Casual Wear ကုမ္ပဏီမှ ဂေါက်အိတ်တစ်လုံး ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကဆ)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်(အကြို) အခမ်းအနားများ ကျင်းပ



**မိတ္ထီလာ ဖေဖော်ဝါရီလ ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြို 'စာပေရတနာ' စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက မွေကျေးရွာတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂)ဦးကျော်ဇေယျ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် မွေကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဇောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ၎င်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက 'စာပေရတနာ' စာကြည့်တိုက် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြပြီး စာကြည့်တိုက်အတွင်း ကျောင်းသားကျောင်းသူများက သုတ၊ရသစာအုပ် စာစောင်များ လေ့လာဖတ်ရှုနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် စာပေရတနာ စာကြည့်တိုက်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စာပေရတနာ စာကြည့်တိုက်အဆောက်အအုံနှင့် ပတ်သက်သည့် အချက်အလက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ခဲ့ရာ စာကြည့်တိုက်ကော်မတီနာယက,က လက်ခံခဲ့ပြီး အလှူရှင်များက စာပေရတနာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံခဲ့သည်။ ၎င်းနောက် စာပေရတနာ စာကြည့်တိုက်အတွက် အလှူငွေများ လှူဒါန်းသည့် အလှူရှင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ရာ အလှူရှင်များကိုယ်စား စာကြည့်တိုက်ကော်မတီနာယက,ကကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ စာပေရတနာ စာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီမှ မ,တည်လှူဒါန်းသည့် ငွေကျပ် သိန်း ၁၅၀နှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ တို့ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၆၉)**



**တောင်တွင်းကြီး ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းမြတ်က ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် စာကြည့်တိုက်သို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာတက်သည့် အလေ့အထများ ဖြစ်ပေါ်စေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏ တန်ဖိုးနှင့်အရေးပါပုံ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏ အနှစ်သာရများ၊ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် ဗဟုသုတများအား လေ့လာသိရှိနိုင်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပရာ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား အခမ်းအနားဖြင့် ဆုများပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နောင်နောင်(ဗိုလ်သနိုးမြေ)**

**နတ်မောက် ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေး ဌာနတို့ပူးပေါင်း၍ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ်အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံး ခန်းမတွင် ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်း)ရှိ အထက်တန်းပြဆရာမ ဒေါ်လှိုင်လှိုင်ဦးက ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန်နှင့် လူငယ်များ၏ ရည်ရွယ်ချက်၊ရည်မှန်းချက်များထားရှိရန်၊စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်လက်ကြံ့ခိုင်စေရေး အထူးအလေးထား ဂရုပြုရန်၊ မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များအကြောင်း၊ ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကြောင်းအရာများ၊ သမိုင်းဝင်ပင်လုံစာချုပ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ လက်မှတ်ရေးထိုးနိုင်ခဲ့သည့် အကြောင်းအရာများကို တက်ရောက်လာကြသည့် ကျောင်းသား၊ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေရန် ဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရိုဝန်ထမ်းများက နံရံကပ်စာစောင်များကိုလည်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ဗဟုသုတရရှိစေရန် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**လှဝင်း**

*-*-*-*-*

**ကျောက်ဆည် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြို အလယ်တန်းအဆင့်နှင့် မူလတန်းပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးနှင့် မြို့နယ်ပညာရေးမှူး ဦးအေးလင်းတို့က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ အမှတ်ပေးစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး အလယ်တန်းဆင့်ပန်းချီပြိုင်ပွဲတွင် 'ပြည်ထောင်စုနေ့ တို့မမေ့' ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မူလတန်းဆင့် 'ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ' ခေါင်းစဉ်များဖြင့် ပန်းချီပြိုင်ပွဲကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၃ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုများရွေးချယ်၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

**မိုင်းခတ် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြိုအဖြစ် အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် မိုင်းခတ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က ဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် ကျောင်းသား၊ကျောင်းသူလူငယ်များ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်များ ရှိစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားစေရန်နှင့် လူငယ်များကာယဗလ၊ဉာဏဗလ၊စာရိတ္တဗလ၊ဘောဂဗလနှင့် မိတ္တဗလဖွံ့ဖြိုးရေးအကြောင်း အသိပညာပေး ဟောပြော၍ တက်ရောက်လာကြသော အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်)မှ ကျောင်းသား၊ ကျောင်းသူလေးများက ပြတိုက်ငယ် (Mini Museum) တွင် ပြသထားသည့် တိုင်းရင်းသားအသုံးအဆောင်ပစ္စည်းများအား စိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြပြီး ပြည်သူ့စာကြည့်တိုက်ရှိ မိမိကြိုက်နှစ်သက်ရာ စာအုပ်စာစောင်များအား ငှားရမ်းခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ






## BTS မှ J Hope က Korea Grand Music Awards တွင် တစ်လအတွင်း ဆုနှစ်မျိုးရရှိထား

BTS အဖွဲ့ဝင် J Hope သည် Korea Grand Music Awards တွင် တစ်လအတွင်း ဆုအမျိုးအစား နှစ်ခုဖြစ်သည့် Best Hip Hop Artist နှင့် Best Hip Hop Song တို့ကို ရရှိထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

J Hope (ခေါ်) Jung Ho Seok သည် တစ်နှစ်နှင့် ရှစ်လအကြာ သင်တန်းတက်ခဲ့ပြီး Hope On The Street ကို ထွက်ရှိအောင်မြင်ထားကာ လက်ရှိ Hope On The Steet နှင့် လန်ဒန်တွင် ဖက်ရှင်စတိုင်လ်ကျကျ ဖျော်ဖြေပွဲ ကျင်းပထားသည်။

J Hope သည် Billboard ကျော်ကြားမှုစာရင်း တစ်ရာတွင် Jung Kook, Jimin, PSY အပြီး လေးဦးမြောက်နေရာ ရရှိထားကာ Suga, V, Lisa တို့နှင့်အတူ ပိုင်ဆိုင်ထားသည်။

မွေးရပ်မြေအသင်း KIA Tiger ပွဲကို အားပေးခဲ့ပြီး ဘေ့စ်ဘော အားကစားပွဲဖွင့်ပွဲတွင် ပါဝင်ပေးခဲ့ကာ သင်တန်းအပြီး ပုံရိပ်များစွာ ထွက်ပေါ်လာခဲ့၍ တစ်လအတွင်း ဆုနှစ်ဆုကိုပါ ဆွတ်ခူးရရှိခဲ့သည်။ သင်တန်းကာလတွင် အင်္ဂလိပ်စာကို လေ့လာဆည်းပူးခဲ့ပြီး စွမ်းရည်မြှင့်တင်ခဲ့ကာ နွေးထွေးကြင်နာတတ်၍ ချစ်သူပေါများသော Hip Hop အဆိုတော်၊ ဖက်ရှင်စတိုင်လ်ကျနသူနှင့် အကကျွမ်းကျင်သူ ဖြစ်သည်။ (SKY)

## Suga ၏ Daechwita ကိုရီးယားရိုးရာယဉ်ကျေးမှုနှင့် ကမ္ဘာအနှံ့ပရိသတ်ကို ဖမ်းစားခဲ့

ဘီတီအက်စ်အဖွဲ့ဝင် ဆူဂါခေါ် မင်ယောင်ဂီ၏တစ်ကိုယ်တော်ဂီတ Daechwita သည် အခြေခံကျောင်းစာအုပ်တွင် ထည့်သွင်းသင်ကြား ဂုဏ်ပြုခံရသည့်အပြင် ကိုရီးယားရိုးရာယဉ်ကျေးမှုနှင့် ကမ္ဘာအနှံ့ပရိသတ်ကို ဖမ်းစားနိုင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရက်ပ်ပါ ဆူဂါ၏ Daechwita ကို အခြေခံဖန်တီးထားသည့် သီချင်းနှင့် ဗီဒီယိုတွင် ဂီတသံစဉ်များမှာ ရှေးရိုးရာဂီတတစ်ခုဖြစ်သည့် Daechwita ကို ပေါ်လွင်စေပြီး ရိုးရာနန်းတော်များ၊ ဝတ်စုံများနှင့် ယဉ်ကျေးမှုဆိုင်ရာ အင်္ဂါရပ်များ ထည့်သွင်းဖန်တီးထား၍ ကိုရီးယား ရှေးခေတ်ဂီတနှင့် နန်းတော်ယဉ်ကျေးမှုများ စံနမူနာတစ်ခု ဖြစ်ခဲ့သည်။

ကိုရီးယားအခြေခံကျောင်းစာအုပ်တွင် အဆိုပါအကြောင်း ထည့်သွင်းသင်ကြားဂုဏ်ပြုခံရသည့်အပြင် တစ်ကမ္ဘာလုံးရှိ ပရိသတ်ကို ဖမ်းစားနိုင်ခဲ့သည်။ (SKY)



## Kenny Ho@Horhar Kyint မွေးနေ့အမှတ်တရ လှူဒါန်းမှုများပြုလုပ်ထား

တရုတ်အနုပညာရှင် ကယ်ရီဟို (ခေါ်) ဟော်ကျားကျင့်(ကျန်ကျောင်းမင်းသား)က အသက် (၆၅)နှစ်ပြည့် မွေးနေ့တွင် ဆင်းရဲနွမ်းပါးသည့် မိသားစုဝင်များကို ကိုယ်တိုင်သွားရောက်လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကယ်ရီဟိုက မွေးနေ့အမှတ်တရ ဆင်းရဲနွမ်းပါးသည့် မိသားစုဝင်များကို ဆန်၊ ဆီနှင့် အခြားအာဟာရဖြစ်စေမည့် ပစ္စည်းများ သွားရောက်လှူဒါန်းကာ သူ့လုပ်ငန်းမှ အလုပ်သမားများ၊ မိတ်ဆွေများနှင့် မွေးနေ့ပွဲကို ပကာသနမပါဘဲ ကျင်းပပြုလုပ်ခဲ့သည်။

ကယ်ရီဟိုသည် ငယ်စဉ်က ခက်ခဲပင်ပန်းသောဘဝကို ဖြတ်သန်းခဲ့ရပြီး အင်္ဂလန်မှ ကြော်ငြာဒီဇိုင်းဘွဲ့ရယူခဲ့ကာ ပီကင်းတက္ကသိုလ်မှ နိုင်ငံရေးမဟာဘွဲ့ ထပ်ယူခဲ့ပြီး ပရဟိတလုပ်ငန်းများတွင် အားသက်သရောပါဝင်ခဲ့သူဖြစ်သည်။

ပရိသတ်နှင့် ဆယ်စုနှစ်ကြာကွဲကွာနေသော်လည်း လက်ရှိဘဝပတ်ဝန်းကျင်တွင် ချစ်ခင်သူပေါများသော ကယ်ရီဟိုကို တွေ့ကြရသည်။ (SKY)

## Xiao Zhan က Weibo Night တွင် Most Influentinal Actor of The Year ဆုရရှိ

တရုတ်အနုပညာလောကမှ အထင်ကရပွဲတစ်ခုဖြစ်သည့် Weibo Night ပွဲတွင် ရှောင်ကျန့်က Most Influentinal Actor of The Year ဆုရရှိခဲ့ပြီး ထိုင်ခုံနံပါတ်ကိစ္စနှင့် ပရိသတ်ကြား စိတ်ဝင်စားမှုမြင့်မားခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတော်တွင် ရှောင်ကျန့်ပါဝင်ထားသည့် The Great Hero ရုပ်ရှင်ကလည်း အကောင်းဆုံးဇာတ်ကားဆုရရှိကာ တစ်နှစ်အတွင်း ဩဇာလွှမ်းမိုးဆုံး အနုပညာရှင်ဆုကိုပါရ၍ ဆုနှစ်ဆု ရရှိခဲ့သည်။



တစ်နှစ်တာအတွင်း အကျော်ကြားဆုံးဆုကို ဝမ်ရိဘို၊လူကြိုက်များသော အနုပညာရှင်များဆုကို တရုတ်အက်ဖ်ဖိုးအဖွဲ့၊ အရည်အချင်းပြည့် အနုပညာရှင်ဆုကို ဂူလိန်၊ ဝိန်ဘိုဘုရင်မဆုကို ကျောက်လီယင်းတို့က အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ယင်းပွဲတော်အတွင်း ဝမ်ရိဘိုက လိုင်းနှစ်၊ နံပါတ်နှစ်ဆယ့်ခုနစ်ကျ၍ ဝိန်ဘိုပွဲကို ဝင်ရောက်ခြင်းမရှိဘဲ ဆုတက်ယူခဲ့ရာမှ ရှောင်ကျန့်၏အတိတ်မှကိစ္စများနှင့်ပတ်သက်၍ ပရိသတ်ကြား စိတ်ဝင်စားမှုမြင့်မားခဲ့ကြသည်။ (SKY)

## Dakata Johnson ပါဝင်ထားသည့် How To Be Single မှာ အချစ်ရေးဟာသကားဖြစ်

ဟောလီဝုဒ်မင်းသမီး Dakata Johnson ပါဝင်ထားသည့် How To Be Single မှာ ၂၁ ရာစု အချစ်ရေးဟာသကားဖြစ်ပြီး IMDb 6.2 ရရှိထားကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကားတွင် ၂၁ရာစု အချစ်စစ်ပျောက်ရာပုံတော် ဖွင့်ရာမှ အချစ်စစ်ရှာရင်း မိမိကိုယ်ကို မေ့ပျောက်နေမည့်အစား ကိုယ့်ကိုယ်ကိုယ် ချစ်ရင်းဘဝကို ပျော်ရွှင်အောင်နေထိုင်ပုံကို ဟာသနှော တင်ဆက်ထားသည်။

လူငယ်များ၏ အချစ်ရေး အချစ်ရာအကြောင်းများကို ဟာသနှော၍ ပေးချင်သည့် Message ကို ထိထိမိမိတင်ပြထား၍ လူငယ်ပရိသတ်ကြား ရေပန်းစားသောကားဖြစ်ခဲ့သည်။

Dakata Johnson ကို Fifty Shapes of Gray မင်းသမီးအဖြစ် လူသိများခဲ့ရာမှ ပရိသတ်များက How To Be Single နှင့်လည်း အားပေးမှု မြင့်မားခဲ့သည်။ (SKY)



## ကြွက်သားနှင့် အရိုးစနစ်တွင် ရောင်ရမ်းခြင်းတို့ကို နနွင်းက လျော့ပါးစေနိုင်

ချင်းမျိုးရင်းဝင်ဖြစ်သော နနွင်းပင်ကို ဟင်းခတ်အမွှေးအကြိုင်နှင့် သဘာဝအစားအစာ ဆိုးဆေးအဖြစ် နှစ်ပေါင်းထောင်ချီကာ တန်ဖိုးထားအသုံးပြုခဲ့ကြသည်။ ၎င်း၏ပင်စည်မှ အဝါရောင် (သို့မဟုတ်)အနီရောင်အရာဝတ္ထုကို ထုတ်လုပ်ပြီး မျိုးစိတ်ပေါ်မူတည်၍ ကွဲပြားနိုင်သည်။

နနွင်းသည် ဟင်းလျာများတွင်သာမက ရှေးရိုးအာရှ တိုင်းရင်းဆေးပညာတွင် ကြာမြင့်စွာကတည်းက အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေခဲ့သည်။ မကြာသေးမီ ဆယ်စုနှစ်များအတွင်း နနွင်း၏ ဂုဏ်သတ္တိများ၊ လူ့ခန္ဓာကိုယ်အပေါ် ၎င်း၏ သက်ရောက်ပုံနှင့် နနွင်းစားသုံးခြင်း၏ ကျန်းမာရေးအကျိုးကျေးဇူးများကို လေ့လာရန် ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလုပ်ခဲ့ကြသည်။

စပိန်နိုင်ငံ ကာတာလိုနီးယားတက္ကသိုလ်မှ သုတေသီများ နနွင်း၏အာနိသင်အကြောင်းကို သုတေသနပြုခဲ့ရာ ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပြီးနောက် ကြွက်သားများ ပျက်စီးခြင်းနှင့် ကြွက်သားနှင့်အရိုးစနစ်တွင် ရောင်ရမ်းခြင်းတို့ကို နနွင်းက လျော့ပါးစေနိုင်သည်ဟု မကြာသေးမီက တွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Huang Zitao က တရုတ် Livestream သမိုင်းတွင် ကြည့်ရှုသူများ၍ သိန်းနှစ်သောင်းကျော်လှူဒါန်းခဲ့



တရုတ်အနုပညာရှင် အိပ်ဇိုအဖွဲ့ဝင်ဟောင်း ကုမ္ပဏီပိုင်ရှင် ဟွမ်ဇီတာအိုက တရုတ် Livestream သမိုင်းတွင် ကြည့်ရှုသူအများဆုံးရ၍ Douyin Live ကို သိန်းနှစ်သောင်းကျော် လှူဒါန်းခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Douyin Live တွင် ဟွမ်ဇီတာအိုက ကြည့်ရှုသူ ၁၃ ဒသမ ၃ သန်းနှင့် ဆယ်နှစ်အတွင်း အများဆုံးရရှိခဲ့၍ လှူဒါန်းမှုပြုလုပ်ခဲ့ရာ ကားအစီး ၃၀တွင် ၁၀ စီးကို ကျယ်ကျန့်အမျိုးသမီးနှင့် ကလေးဖောင်ဒေးရှင်းသို့ လှူ၍ ကျန်အစီး ၂၀ကို ကံစမ်းမဲဖောက်ပေးခဲ့ကာ ဆန်အိတ်တစ်သောင်း၊ YKYB အထည်တစ်ထောင်နှင့် အိတ်အခု တစ်သောင်း စုစုပေါင်း တန်ဖိုးသိန်းပေါင်း နှစ်သောင်းကျော်လှူဒါန်းခဲ့သည်။

ဟွမ်ဇီတာအိုသည် Douyin က ယွမ်ငါးသောင်းကျော် လက်ဆောင်ပေးခွင့်မရ၍ ကား(မြန်မာငွေ သိန်းတစ်သောင်းကျော်တန်)ကို ငါးနှစ်ငှားပေးသည်ဟု စာချုပ်ထဲ ထည့်ချုပ်ပြီး အပိုင်ပေးခဲ့၍ လှူဒါန်းခဲ့ခြင်းဖြစ်သည်။(SKY)



❖ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်း နေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည်စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာနေကြသည့် ပြည်သူများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သွားမည်




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ထောက်ပံ့ချီးမြှင့်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာနေရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ထောက်ပံ့ချီးမြှင့်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားသည်။

**ရန်ပုံငွေများထပ်မံဖြည့်ဆည်းပေးထား**

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲအနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် လိုအပ်သည့် ထောက်ပံ့ချီးမြှင့်မှုများ လျာထားစီစဉ်ဆောင်ရွက်ပေးရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ယာယီနေရပ်စွန့်ခွာ နေကြရသူများ၏ စာရင်းများကောက်ယူထားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေအနေဖြင့် နှစ်စဉ်ခွဲဝေပေးရန် သတ်မှတ်ထားသည့် ရန်ပုံငွေအပြင် ယခုနှစ်တွင် ရာဂီမုန်တိုင်းတိုက်ခတ်မှု အပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေများ ထပ်မံဖြည့်ဆည်းပေးထားပါကြောင်း။

**အဖွဲ့အစည်းများနှင့်ပူးပေါင်းနိုင်**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေအရ သဘာဝဘေးအန္တရာယ်ဟုဆိုရာတွင် အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် အများပြည်သူ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုတို့ ပါဝင်ပါကြောင်း၊ ယင်းဥပဒေရည်ရွယ်ချက်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပြည်တွင်းပြည်ပ အစိုးရဌာန အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်ဟု ပါဝင်ကြောင်း။

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးဖြစ်သူများအားလုံးကို စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ ဆက်လက်ထောက်ပံ့ ချီးမြှင့်ခြင်းနှင့် သင့်လျော်သည့် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဥပဒေ ပြဋ္ဌာန်းချက်များ၊ ဥပဒေပါဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်လည်း ကိုက်ညီပါကြောင်း၊ ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ရာတွင် ထိခိုက်မှုအရေအတွက် စာရင်း၊ ပေးအပ်မည့်နည်းလမ်း၊ လူဦးရေ၊ ငွေပမာဏနှင့်အချိန်တို့ စနစ်တကျဖြစ်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့များအနေဖြင့် ထောက်ပံ့ချီးမြှင့်ရာတွင် စာရင်းဇယား မှန်ကန်စေရန် ကြိုတင်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေမှ ထောက်ပံ့ချီးမြှင့်သွားမည့် နည်းလမ်း၊ ပေးအပ်မည့် အကြိမ်ရေနှင့် နှုန်းထား၊ လုပ်ထုံးလုပ်နည်း၊ စာရင်းဇယား မှန်ကန်ပြီး စနစ်တကျဖြစ်စေရေးတို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး ထောက်ပံ့ချီးမြှင့်ငွေများကို မှန်မှန်ကန်ကန် ဖြစ်စေရေး၊ အလေအလွင့်မဖြစ်စေရေး၊ ရသင့်ရထိုက်သူများ ရရှိစေရေးနှင့် အခြားနေရာများသို့ မရောက်ရှိစေရန်လိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ယာယီနေရပ်စွန့်ခွာ နေကြရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများအနေဖြင့် စာရင်းဇယားတိကျမှန်ကန်စေရေးအတွက် မိမိတို့ရောက်ရှိနေကြသည့် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများထံသို့ လူဦးရေစာရင်းများကို သတင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်